# စနစ်ကျ ဓမ္မပညာကို တည်ဆောက်ခြင်း

## သင်ခန်းစာ တစ်

## စနစ်ကျဓမ္မပညာ ဆိုသည်မှာ အဘယ်နည်း။

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံး၀ဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။  ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအ၀င် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။  ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။  ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

ဓမ္မသစ် ........ 2

စနစ်ကျဓမ္မပညာ ........ 2

သမ္မာကျမ်းနှင့် ညီထွေခြင်း ........ 3

ကြောင်းကျိုးသင့်ခြင်း ........ 5

အစဉ်အလာဖြစ်ခြင်း ........ 5

ဓမ္မသစ် ဓမ္မပညာ ........ 7

ကွဲပြားမှု ........ 7

သင်းအုပ်အမှုတော် ဆိုင်ရာ စရိုက်လက္ခဏာ ........ 8

စာပေအရေးအသားပုံစံ ........ 10

အခြေခံမူဘောင် ........ 10

သမိုင်းတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ........ 12

အသင်းတော် ဖခင်များ၏ ဓမ္မပညာ ........ 14

ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုများ ........ 14

ဓမ္မပညာဆိုင်ရာ ပြောင်းလဲမှုများ ........ 16

အလယ်ခေတ် ဓမ္မပညာ ........ 20

ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုများ ........ 21

ဓမ္မပညာဆိုင်ရာ ပြောင်းလဲမှုများ ........ 22

ပရိုတက်စတင့် ဓမ္မပညာ ........ 29

အစောပိုင်း ပြုပြင်ပြောင်းလဲရေးသမားများ ........ 29

စံပြု ဝန်ခံချက်များ ........ 31

ခေတ်သစ် စနစ်ကျ ဓမ္မပညာ ........ 33

အကျိုးကျေးဇူးများနှင့် အန္တရာယ်များ ........ 34

ခရစ်ယာန်အသက်ရှင်ခြင်း ........ 36

အားပေးမြှင့်တင်မှု ........ 36

အပဟန့်အတားများ ........ 37

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း ........ 39

အားပေးမြှင့်တင်မှု ........ 39

အပဟန့်အတားများ ........ 40

သမ္မာကျမ်းစာကို မူရင်းဘာသာစကားအရ အနက်ဖွင့်ခြင်း ........ 41





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အားပေးမြှင့်တင်မှု......43
အပြန့်အတားများ......44
**နိဂုံး......44**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

အခန်းထဲရှုပ်ပွနေလျှင် မနေတတ်သူ တစ်ဦးဦးကို သင်တွေ့ဖူးပါသလား။ ထိုသို့သော ကောလိပ်အခန်းဖော်တစ်ဦး ကျွန်ုပ်မှာ ရှိခဲ့ဖူးသည်။ ကျွန်ုပ်အတန်းသွားလျှင် စားပွဲပေါ်မှာ အမြဲလို ရှုပ်ပွကျန်နေခဲ့တတ်သည်။ သို့သော် ကျွန်ုပ်နောက်က သူ အမြဲ သန့်ရှင်းရေး လုပ်ပေးတတ်သည်။ နောက်တနေ့ ဖရိုဖရဲထားခဲ့မည်ဆိုလျှင်လည်း သန့်ရှင်းအောင် သူလုပ်ပေးမည်သာ ဖြစ်သည်။ တနေ့ အခန်းထဲက ထွက်စဉ် ကျွန်ုပ်ကို သူတားဆီးပြီး "မင်း ဘာဖြစ်နေတာလဲ၊ ပစ္စည်းတွေကို သူ့နေရာနဲ့သူ ဘယ်လိုထားရမလဲဆိုတာ မင်းမသိဘူးလား" ဟု မေးသည်။

“ဟုတ်ပါတယ်” ဟု သူ့ကို ကျွန်ုပ် ဝန်ခံလိုက်သည်။ “ပစ္စည်းတွေ သူ့နေရာနဲ့သူ ထားရမှာ ငါသိပါတယ်၊ ဒါပေမယ့် တခြားအလုပ်တွေများလွန်းတော့ အဲ့ဒါလုပ်ဖို့ ငါ့မှာအချိန်မရှိဘူး ဖြစ်နေတယ်”

သူ့တုန့်ပြန်ချက်ကို ယနေ့ထိ ကျွန်ုပ် အမှတ်ရပါသည်။ "ပစ္စည်းတွေကို သူ့နေရာနဲ့သူ ပြန်ထားဖို့ မိနစ် နည်းနည်းလေးလောက်ပဲ မင်း အချိန်ယူလိုက်ရင် မင်း ပြီးပြီးသားဖြစ်မယ့်အလုပ်တွေ ဘယ်လောက်တောင် ပိုများနေတယ်ဆိုတာ မင်း တွေ့ပြီး အံ့သြလိမ့်မယ်"

ကျွန်ုပ်သူငယ်ချင်း၏ အတွေးအခေါ်က ခရစ်ယာန် ဓမ္မပညာအတွက် နေရာများစွာမှာ အသုံးတည့်နေသည်။ ခရစ်တော်အတွက် လုပ်စရာများလွန်းလှသည်ဟု ထင်သဖြင့် သူတို့၏ ဓမ္မပညာကို ရှင်းရှင်းလင်းလင်း ဖြစ်နေအောင် အချိန်မပေးနိုင်ကြသည့် ခရစ်ယာန်အများအပြားရှိကြသည်။ ပျောက်ဆုံးဝိညာဉ်ရှာဖို့၊ အသင်းတော်စိုက်ပျိုးဖို့၊ ကျမ်းစာသင်ဖို့၊ စသည်ဖြင့် လုပ်စရာတွေ အများအပြားရှိနေသည်။ သို့သော် ကျွန်ုပ်တို့၏ ဓမ္မပညာကို စနစ်ကျစွာဖြင့် အချိန်ယူ ပြင်ဆင်မည်ဆိုပါက ခရစ်တော်နှင့် သူ့နိုင်ငံတော်အတွက် ကျွန်ုပ်တို့ ပိုမိုအစေခံနိုင်ကြလိမ့်မည်ဆိုသည်မှာ ပကတိမှန်ကန်မှု ဖြစ်သည်။

ဤသည်မှာ *စနစ်ကျဓမ္မပညာတည်ဆောက်ခြင်း* ဆိုသည့် ကျွန်ုပ်တို့၏ စာစဉ်ထဲက ပထမဆုံး သင်ခန်းစာ ဖြစ်သည်။ ဤစာစဉ်ထဲတွင် "စနစ်ကျ ဓမ္မပညာ" အကြောင်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ စနစ်ကျဓမ္မပညာဆိုသည်မှာ ဓမ္မပညာကို အစီအစဉ်တကျ ထားရှိနိုင်ရန် ခရစ်ယာန် အသင်းတော်အား သန့်ရှင်းသော ဝိညာဉ်တော်လမ်းပြသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ဤသင်ခန်းစာအား "စနစ်ကျဓမ္မပညာဆိုသည်မှာ အဘယ်နည်း" ဟု ခေါင်းစဉ်ပေးထားပါသည်။ ဤသင်ခန်းစာ မိတ်ဆက်၌ စနစ်ကျ ဓမ္မပညာလေ့လာမှုနှင့် ဆက်နွယ်သည့် အခြေခံများစွာကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။

အဓိက ခေါင်းစဉ်သုံးခုကို သင်ခန်းစာမှာ ဆွေးနွေးပါမည်။ ပထမအားဖြင့် ဓမ္မသစ် ဓမ္မပညာနှင့် စနစ်ကျ ဓမ္မပညာကို နှိုင်းယှဉ်ကြည့်ကြပါမည်။ ယင်းတို့ မည်သို့ တူညီပြီး မည်သို့ကွဲပြားကြပါသနည်း။ ဒုတိယအားဖြင့် စနစ်ကျဓမ္မပညာအဖြစ်သို့ ချဲ့ထွင် ရောက်ရှိလာသည့် သမိုင်းကြောင်းကို

လေ့လာကြပါမည်။ ၎င်းသည် မည်သည့်နေရာက အစပြုခဲ့ပါသနည်း။ ထို့နောက် တတိယအားဖြင့် စနစ်ကျဓမ္မပညာ၏ အကျိုးထူးပုံနှင့် အန္တရာယ်ရှိပုံ အကြောင်းကိုလည်း လေ့လာကြပါမည်။ ဤနည်းစနစ်၏ အားသာချက်၊ အားနည်းချက်များမှာ အဘယ်နည်း။ ဓမ္မသစ် ဓမ္မပညာနှင့် စနစ်ကျ ဓမ္မပညာတို့အကြား ဆက်နွယ်မှုအကြောင်း လေ့လာဖော်ထုတ်ခြင်းနှင့် အစပြုကြပါစို့။

# ဓမ္မသစ်

စနစ်ကျ ဓမ္မပညာနှင့် ဓမ္မသစ် ဓမ္မပညာတို့ကြား ဆက်နွယ်မှုနှင့် စတင်ခြင်းသည် အရေးပါသည်။ အကြောင်းမှာ ခရစ်တော်၏ နောက်လိုက်ဖြစ်သော ကျွန်ုပ်တို့အနေဖြင့် မည်သည့် ကောင်းလှပါပေ့ ဆိုသည့် ဓမ္မပညာစနစ်မျိုးထက် အငြင်းပွားဖွယ်မရှိသော သမ္မာကျမ်းအခွင့်အာဏာကိုသာ ဝန်ခံကြသောကြောင့် ဖြစ်သည်။ သမ္မာကျမ်းစာမှလွဲ၍ မည်သည့် ဓမ္မပညာစနစ်မဆို အပြစ်မကင်းသော လူသားတို့၏ မပြည့်စုံမှုများ ရှိနေသည်။ သို့ဖြစ်၍ စနစ်ကျဓမ္မပညာသည် သမ္မာကျမ်းနှင့် မည်သို့ နိုင်းယှဉ်ကြည့်၍ ရသည်ဆိုသည်ကို အစကတည်းကပင် ကျွန်ုပ်တို့ အလွန်ပင် စိတ်ဝင်တစားရှိသင့်ကြသည်။ ၎င်းသည် မည်သည့်အရာများတွင် သမ္မာကျမ်းစာနှင့် တူပါသနည်း။ ၎င်းသည် မည်သည့်အရာများတွင် ကွာခြားသနည်း။

ဓမ္မသစ် ဓမ္မပညာနှင့် စနစ်ကျ ဓမ္မပညာတို့အကြား ဆက်နွယ်မှုကို တွေ့မြင်ရန် အမှုကိစ္စ နှစ်ခုကို ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ပထမအားဖြင့် စနစ်ကျဓမ္မပညာ၏ ကောက်ကြောင်းများ ဖြစ်ပြီး ဒုတိယအားဖြင့် ဓမ္မသစ် ဓမ္မပညာ၏ ကောက်ကြောင်းများ ဖြစ်ကြသည်။ စနစ်ကျ ဓမ္မပညာ၏ ကောက်ကြောင်းများနှင့် စကြပါစို့။

## စနစ်ကျဓမ္မပညာ

သမိုင်းကြောင်းအရ ကြည့်လျှင် စနစ်ကျ ဓမ္မပညာသည် ခရစ်ယာန်များ ဓမ္မပညာတည်ဆောက်မှုအပေါ် သြဇာအလွှမ်းဆုံး နည်းလမ်းတစ်ခု ဖြစ်သည်။ အမှန်စင်စစ် ကမ္ဘာပေါ်က မည်သည့်နေရာမှာမဆို စနစ်ကျဓမ္မပညာ မလေ့လာဖူးသူ ခရစ်တော်၏ နောက်လိုက်ဟူ၍ ရှာတွေ့ရန် ခပ်ရှားရှားဖြစ်သည်။ ဘုရားသခင်သည် တူညီသော အနှစ်သာရ တစ်ခုတည်းကို မျှဝေပိုင်ဆိုင်သည့် ပုဂ္ဂိုလ်သုံးပါးအဖြစ် တည်ရှိသော သုံးပါးတစ်လုံးတစ်ဝ ဘုရားသခင် ဖြစ်ကြောင်း ကျွန်ုပ်တို့ ပြောဆိုသည့်အခါ စနစ်ကျ ဓမ္မပညာရှင်တို့၏ အရေးအသားများအပေါ် ကျွန်ုပ်တို့ မှီခိုနေခြင်း ဖြစ်သည်။ ခရစ်တော်သည် ဘုရားစစ်စစ်လည်းဖြစ်ပြီး လူသားစစ်စစ်လည်း ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ပြောဆိုသည့်အခါ စနစ်ကျဓမ္မပညာက ရှင်းပြသည့် သြဝါဒများအရ ကျွန်ုပ်တို့ လုပ်ဆောင်နေခြင်း ဖြစ်သည်။ ဒုတိယမွေးခြင်း၊ ယုံကြည်ခြင်း၊ နောင်တ၊ သန့်ရှင်းခြင်း၊ ဘုန်းတော် ထင်ရှားခြင်း တို့လို စကားလုံးများကို ကျွန်ုပ်တို့ အသုံးပြုသည့်အခါ စနစ်ကျ ဓမ္မပညာရှင်များက ကျွန်ုပ်တို့အတွက်

အဓိပ္ပာယ် ဖွင့်ဆိုပေးထားသည့် ဝေါဟာရများကို ကျွန်ုပ်တို့ သုံးစွဲနေခြင်းဖြစ်သည်။ သို့တစေ စနစ်ကျ ဓမ္မပညာက ဩဇာကြီးသလောက် ယင်းအကြောင်း ယနေ့ ခရစ်ယာန် အများစုက ဝေဝေဝါးဝါး ရှိနေကြဆဲ ဖြစ်သည်။

သင်စိတ်ကူးမိနိုင်သလိုပင် ဤဓမ္မပညာ လေ့လာမှုစနစ်အား ဓမ္မပညာရှင်များက ပုံစံအမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖွင့်ထားကြသည်။ သို့သော်ငြား ၂၀ ရာစုလယ်လောက်က လူးဝစ်စ်ဘားကော့ဖ် ရေးသားသော နာမည်ကျော် စနစ်ကျဓမ္မပညာစာအုပ် အရ ဖွင့်ဆိုချက်ကို လေ့လာခြင်းဖြင့် အစဉ်အလာ ပရိုတက်စတင့်တို့၏ စနစ်ကျဓမ္မပညာ အဓိက အလေးပေးချက်တို့ကို ကျွန်ုပ်တို့ ဆုပ်မိနိုင်ပါသည်။

အဆိုပါစာအုပ်၏ စတုတ္ထမြောက်အခန်းကြီးတွင် စနစ်ကျဓမ္မပညာစည်းမျဉ်းအား ယခုလို ဖွင့်ဆိုသည်-

> ခရစ်ယာန် ယုံကြည်မှုအယူဝါဒ၏ ဩဝါဒဆိုင်ရာ သမ္မာတရားရှိသမျှကို စနစ်ကျနစွာပေးကမ်းနိုင်ရန် စနစ်ကျဓမ္မပညာက ရည်ရွယ်လုပ်ဆောင်သည်။

ဤတဲ့တိုးကျသော ဖွင့်ဆိုချက်က စနစ်ကျဓမ္မပညာ၏ ရှုထောင့် သုံးခုကို မီးမောင်းထိုးပြသည်။ ပထမအားဖြင့် ၎င်းသည် "သမ္မာတရား"နှင့် သက်ဆိုင်သည်။ ဒုတိယအားဖြင့် ၎င်းသည် မတူကွဲပြားသော သမ္မာတရားမှန်ကန်ချက်များအကြား ကြောင်းကျိုးကျနစွာ ဆက်နွယ်မှုများအရ "စနစ်ကျနသော" ပုံစံဖြင့် သမ္မာတရားကို တင်ဆက်ရန် အားထုတ်သည်။ တတိယအားဖြင့် စနစ်ကျ ဓမ္မပညာသည် "ခရစ်ယာန် ယုံကြည်ခြင်း" အဆက်အစပ်အတွင်းမှာ တည်ဆောက်ထားချက် ဖြစ်သည်။

ဘားကော့ဖ် ဖွင့်ဆိုချက်ပါ အဆိုပါ အခြေခံအင်္ဂါရပ်များက ကျွန်ုပ်တို့၏ ဆွေးနွေးချက်ကို ဦးတည်ချက် သုံးရပ်ဆီ ပို့ဆောင်မည် ဖြစ်သည်။ ပထမအားဖြင့် ကျမ်းစာထဲ တင်ပြထားသည့် သမ္မာတရားများကို မြဲမြံစွာ ခံယူခြင်းဖြင့် သမ္မာကျမ်းနှင့် ညီထွေရန် စနစ်ကျ ဓမ္မပညာက ကြိုးစားသည် ဆိုသည့် အချက်ကို လေ့လာပါမည်။ ဒုတိယအားဖြင့် အခြားသူတို့နှင့် ဆက်နွယ်ရာ၌ သမ္မာကျမ်းနှင့် ညီထွေသည့် အမှန်တရားရှိသမျှ ပါဝင်သည့် စနစ်တစ်ခုကို တည်ဆောက်ယူခြင်းဖြင့် ကြောင်းကျိုးသင့်ပြီး ရှေ့နောက် ညီညွတ်ရန် စနစ်ကျ ဓမ္မပညာက အားထုတ်သည် ဆိုသည့် အချက်ကို ကြည့်ကြပါမည်။ ထို့နောက် တတိယအနေဖြင့် အစဉ်အလာ ဓမ္မပညာ အလေးပေးချက်များနှင့် ဦးစားပေးချက်များအား စနစ်ကျဓမ္မပညာက လိုက်နာပုံများကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ စနစ်ကျ ဓမ္မပညာသည် သမ္မာကျမ်းနှင့် ညီထွေရမည်ဆိုသည့်အချက်ကို ဦးစွာ စဉ်းစားကြည့်ကြပါစို့။

## သမ္မာကျမ်းနှင့် ညီထွေခြင်း

စနစ်ကျ ဓမ္မပညာသည် "ဩဝါဒ ဆိုင်ရာ သမ္မာတရားများ" နှင့် ပတ်သက်သည်ဟု သူ ဆိုသည့်အခါ သမ္မာကျမ်းအပေါ် စနစ်ကျ ဓမ္မပညာက မှီခိုအားထားကြောင်း ဘားကော့ဖ် ပြောလိုရင်း ဖြစ်သည်။ *ဆိုလာ စခရစ်ပ်ကျူလာ* ကို ယုံကြည်ဝန်ခံသည့် ပရိုတက်စတင့် ဓမ္မပညာရှင်တို့က ဩဝါဒဆိုင်ရာ သမ္မာတရားများအပေါ် ကျွန်ုပ်တို့ စူးစိုက်သည်ဟု ပြောဆိုခြင်းသည် ကျွန်ုပ်တို့၏ ဓမ္မပညာရှိသမျှ သမ္မာကျမ်းနှင့် ကိုက်ညီရမည်ဟု ပြောဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် အမှန်အားဖြင့်

ကျွန်ုပ်တို့၏ စနစ်ကျ ဩဝါဒအများစုအား သမ္မာကျမ်းစာမှသာ ကျွန်ုပ်တို့ တိုက်ရိုက် ရယူသည်။ ဘားကော့ဖ်က သူ့ စနစ်ကျဓမ္မပညာစာအုပ်ထဲတွင် ဤအချက်အား ယခုလို သုံးသပ် ရှင်းပြထားသည်-

> စနစ်ကျဓမ္မပညာ၏ ကဏ္ဍရှိသမျှတို့သည် ၎င်းတို့၏ ရေသောက်မြစ်တို့ကို သမ္မာကျမ်းစာမြေဆီလွှာထဲ နက်နက်ရှိုင်းရှိုင်း စူးစိုက်ထားကြောင်း စနစ်ကျ ဓမ္မဗေဒသမားက ပြသရမည် ဖြစ်သည်။

အကြောင်းမလှစွာပင် စနစ်ကျဓမ္မပညာနှင့် ပတ်သက်လျှင် ခရစ်ယာန်တို့က ဤသို့ အမြဲ မစဉ်းစားကြပေ။ သမ္မာကျမ်း သွန်သင်ချက်များအတွင်း စနစ်ကျဓမ္မပညာအား ကျောက်ဆူးချသည့်အခါ ဓမ္မပညာရှင်တို့ သွားခဲ့ကြသည့် ဦးတည်ရာဖက်မှာ အနည်းဆုံး သုံးရပ်ရှိသည်။ ဓမ္မပညာရှင်အချို့က စနစ်ကျဓမ္မပညာသည် အသင်းတော် အစဉ်အလာ သို့မဟုတ် ပုံသေသတ်မှတ်ချက်များမှာပဲ အမြစ်စွဲထားသည်ဟု ရှုမြင်သည်။ သမိုင်းတလျှောက် အသင်းတော် သွန်သင်ချက်များအပေါ် ဂရုတစိုက် သရုပ်ခွဲဆန်းစစ်ထားချက်မျှသာ ဖြစ်သည်ဟု မြင်ကြသည်။ အခြားသော ဓမ္မပညာရှင်တို့ကမူ စနစ်ကျဓမ္မပညာသည် ဘာသာရေး အတွေ့အကြုံများ၌ မြစ်ဖျားခံသည်ဟု ရှုမြင်သည်။ ယင်း ပညာရှင်တို့သည် လူသားတို့၏ ဘာသာရေးဆိုင်ရာ စိတ်ကူးယဉ်ချက်များနှင့် ထိုးထွင်းသိမြင်ချက်များကို စနစ်ကျသော အစီအစဉ်တစ်ခု ဖြစ်စေရန် ကြိုးပမ်းတတ်ကြသည်။ သို့တစေ အခြားဓမ္မပညာရှင်တို့ကမူ စနစ်ကျဓမ္မပညာ ကြီးပွားပေါ်ထွက်ရာမြေလွှာသည် ခရစ်ယာန် ယုံကြည်ခြင်းနှင့် မရင်းနှီးသည့် ဒဿနိက အတွေးအခေါ်များဖြစ်သည်ဟု နားလည်ကြသည်။ အကျိုးဆက်အားဖြင့် အဆိုပါ ဓမ္မပညာရှင်တို့သည် စနစ်ကျဓမ္မပညာအား ဘာသာအယူဝါဒဆိုင်ရာ တွေးခေါ်ရှုမြင်ချက်တစ်ခု အဖြစ်သို့ ပြောင်းလဲလိုက်ကြသည်။

ထို့ကြောင့် စနစ်ကျဓမ္မပညာ လေ့လာသူတိုင်းသည် အသင်းတော် အစဉ်အလာ၊ ဘာသာရေး အတွေ့အကြုံ နှင့် ဒဿနိကဆိုင်ရာ တွေးခေါ်မြော်မြင်မှုများအား အတိုင်းအတာ တစ်ခုထိ ပတ်သက်ဆက်ဆံကြရသည်။ သို့သော် ကျွန်ုပ်တို့၏ သင်ခန်းစာ၌မူ စင်ကြယ်သော စနစ်ကျဓမ္မပညာဟူသည် သမ္မာကျမ်းသွန်သင်ချက်များ၌သာ မြစ်ဖျားခံသော စနစ်တရပ်ဖြစ်သည်ဟု ကျွန်ုပ်တို့ အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ အသင်းတော် အစဉ်အလာ၊ ဘာသာရေး အတွေ့အကြုံ၊ ဒဿနိက အတွေးအခေါ်များ၌ ကျွန်ုပ်တို့၏ စနစ်ကျဓမ္မပညာကို အခြေတည်ဖို့ ကျွန်ုပ်တို့ အားမထုတ်ပါ။ စနစ်ကျ ဓမ္မပညာအပါအဝင် ဓမ္မပညာကောင်းမှန်သမျှ သမ္မာကျမ်းနှင့် ညီထွေရမည်အကြောင်း ခရစ်တော် ကိုယ်တိုင် နားလည်ထားသကဲ့သို့ပင် ကျွန်ုပ်တို့ နားလည်ကြသည်။

ယခုတွင် စနစ်ကျဓမ္မပညာသည် သမ္မာကျမ်းနှင့် ညီထွေရန် ကြိုးစားကြောင်း ကျွန်ုပ်တို့ တွေ့ပြီး ဖြစ်၍ ၎င်း၏ ကြောင်းကျိုးသင့်စွာ ရှေ့နောက်ညီညွတ်ရန် အားထုတ်ပုံ၊ သမ္မာကျမ်း သွန်သင်ချက်များအား စုစည်းပြီး စနစ်တကျ စီစဉ်ခင်းကျင်းပုံတို့ကို ကြည့်ကြပါမည်။

## ကြောင်းကျိုးသင့်ခြင်း

ဘားကော့ဖ်၏ ဖွင့်ဆိုချက်က ညွှန်ပြသလိုပင် ဤစနစ်သည် "သြဝါဒဆိုင်ရာသမ္မာတရားရှိသမျှကို စနစ်တကျတင်ဆက်မှု" တစ်ခု ဖြစ်ရေးကို ရှာကြသည်။ သို့မဟုတ် နေရာတကာမှာ သူအကျယ်တဝင့် ပြောခဲ့သလို

> စနစ်ကျဓမ္မဗေဒသမားသည် သြဝါဒဆိုင်ရာ သမ္မာတရားတို့ကို စနစ်ကျသည့် ပေါင်းချုပ်တစ်ခုအဖြစ် ပေါင်းစည်းပေးရန် ကြိုးပမ်းသည်။

ဤအမြင်အရ စနစ်ကျ ဓမ္မပညာရှင်တစ်ဦး၏ အလုပ်မှာ ခရစ်ယာန် ယုံကြည်ချက်များကို အကျဉ်းချုပ်ပြီး အားလုံးကိုခြုံငုံသော၊ အစီအစဉ်ကျနသော၊ ကြောင်းကျိုးသင့်သော စနစ်တစ်ခုကို ဖော်ဆောင်ရန် ဖြစ်သည်။ ကြောင်းကျိုးသင့်ပြီး စုစည်းညီညွတ်သော ယုံကြည်ချက် စနစ်တစ်ခုကို သမ္မာကျမ်းသွန်သင်ချက်တို့က မည်သို့ဖော်ပြကြောင်း ရှင်းပြဖို့ စနစ်ကျ ဓမ္မဗေဒသမားတို့က ကြိုးစားသည်။

ခေတ်ကာလတိုင်း၌ သူတို့၏ ယုံကြည်ချက်များကို မဆက်မစပ်ဘဲ ထားရှိသည့်အပေါ် ခရစ်ယာန်များစွာက ကျေနပ်မှု ရှိကြသည်။ ဘုရားသခင့် အကြောင်း အချို့အရာများကို ကျွန်ုပ်တို့ ယုံကြည်သည်။ ယုံကြည်ခြင်းနှင့် ကယ်တင်ခြင်းအကြောင်း အခြားအရာများကို ကျွန်ုပ်တို့ ယုံကြည်သည်။ နီတိနှင့် ကျင့်ဝတ်ဆိုင်ရာ အခြား ယုံကြည်ချက်များ ကျွန်ုပ်တို့မှာ ရှိကြသည်။ ခရစ်ယာန် အများစု ယုံကြည်သည့် အရာ အမြောက်အများရှိလင့်ကစား ကျွန်ုပ်တို့၏ ယုံကြည်ချက်များကို တစ်ခုနှင့်တစ်ခု မဆက်စပ်ဘဲ သီးခြားစီဖြစ်နေဖို့ ကျွန်ုပ်တို့ အမြဲလို ခွင့်ပြုလေ့ရှိကြသည်။

၎င်းနှင့် ဆန့်ကျင်စွာပင် စနစ်ကျဓမ္မပညာက ခရစ်ယာန် ယုံကြည်ချက်များ ရှေ့နောက်ညီညွတ်ဆက်စပ်မှုရှိကြောင်း ပြသရေးအပေါ် အထူး တန်ဖိုးထားသည်။ စနစ်ကျဓမ္မဗေဒသမားတို့သည် သမ္မာကျမ်းထဲက သွန်သင်ချက် အစအနများကို ယူ၍ ယင်းတို့အချင်းချင်းကြားရှိ ကြောင်းကျိုးသင့်သော ဆက်နွယ်မှုများအား ရှေ့နောက်ညီညွတ်မှု၊ ခြုံငုံမှု ရှိနိုင်သမျှရှိစွာ ကြိုးစားရှင်းပြသည်။ အမှန်စင်စစ် ဤအရာကြောင့်ပင် ဤစနစ်အား *စနစ်ကျ* ဓမ္မပညာဟု တိတိကျကျ ခေါ်ကြခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ သမ္မာကျမ်းက သွန်သင်သည့် ဓမ္မပညာ၏ စနစ်ကို ဖော်ပြရန် ဖြစ်သည်။

တတိယအနေဖြင့် စနစ်ကျ ဓမ္မပညာသည် သမ္မာကျမ်းနှင့် ညီထွေပြီး ကြောင်းကျိုးညီညွတ်ရန်သာမက *အစဉ်အလာ* ခရစ်ယာန်အလေးပေးချက်များ အလျှင်မပြတ်စေရေးကိုလည်း ထိန်းသိမ်းကာ အသင်းတော်အတွက် အရေးပါကြောင်း သမိုင်း သက်သေထူခဲ့သည့် သြဝါဒများအပေါ်မှာလည်း စူးစိုက်ထားသည်။

## အစဉ်အလာဖြစ်ခြင်း

သြဝါဒဆိုင်ရာ သမ္မာတရားများအား "ခရစ်ယာန် အယူဝါဒ" အဖြစ် စနစ်ကျဓမ္မဗေဒသမားတို့က ကိုင်တွယ်သည်ဟု ဆိုခြင်းဖြင့် ဤကိစ္စကို ဘာ့ကော့ဖ်၏ ဖွင့်ဆိုချက်က ဖြေရှင်းထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

သူက မိမိဖွင့်ဆိုချက်၏ ဤအမြင်အပေါ် ယခုလိုမျိုး အကျယ်တဝင့် ပြောဆိုသည်-

> " အတိတ်က ချဲ့ထွင်လာမှုသည် အမှားကြီးတစ်ခု ဖြစ်၍ (စနစ်ကျဓမ္မဗေဒသမား) တစ်ဦးအနေဖြင့် ဩဝါဒပိုင်းဆိုင်ရာ၌ မိမိ အလုပ်အား အစမှနေ၍ လုံးလုံး အသစ်တဖန် ပြန်စရန်လိုသည် ဆိုသည့် ယူဆချက်အရ ဆက်လုပ်ခြင်းမျိုး မရှိပါ"

စနစ်ကျဓမ္မပညာတွင် ခရစ်ယာန် အယူဝါဒ၊ အစဉ်အလာ ဓမ္မပညာ အထူးပြုချက်များနှင့် ဦးစားပေးချက်များအရ ဩဝါဒသွန်သင်ချက်များကို ရှုမြင်ဖို့ ကျွန်ုပ်တို့ ကြိုးစားသည်။ ထို့ကြောင့် စနစ်ကျဓမ္မဗေဒသမားတို့သည် သမ္မာကျမ်းစာနှင့်သာမက အသင်းတော် သမိုင်းတလျှောက် ဓမ္မပညာရှင်တို့ ဖော်ပြခဲ့ကြသည့် အရေးပါသော သမ္မာကျမ်း သွန်သင်ချက် ဖော်ပြပုံများနှင့်ပါ အပြန်အလှန် ဆက်သွယ်မှု ရှိကြသည်။

ယုံကြည်ထိုက်သည့် ပရိုတက်စတင့် စနစ်ကျဓမ္မ ပညာတိုင်းလိုလိုက တူညီသော အခြေခံဖွဲ့စည်းပုံကို လိုက်နာကြသည့် အကြောင်းရင်းကို အစဉ်အလာ အထူးပြုချက်များအပေါ် ဤအလေးပေးမှုက ရှင်းပြသည်။ ရာစုနှစ်များစွာအတွင်း တိုးတက်ဖွံ့ဖြိုးလာခဲ့သော ဓမ္မပညာ ထင်ဟပ်ချက်တို့၏ အဓိက အလေးပေးချက်များကိုလိုက်၍ စနစ်ကျဓမ္မဗေဒသမားတို့က သမ္မာကျမ်း ဩဝါဒများကို ယခုလို ဖွဲ့စည်းလေ့ရှိကြသည်- သမ္မာကျမ်းစာအကြောင်းသွန်သင်ချက် ဩဝါဒနှင့် ဖြစ်စေ၊ သီးသန့်ဓမ္မဗေဒ ခေါ် ခမည်းတော် ဘုရားသခင်အကြောင်း သွန်သင်ချက်နှင့် ဖြစ်စေ တစ်ခုခုနှင့် သူတို့ အစပြုသည်။ ထို့နောက် လူသားအကြောင်းသွန်သင်ချက် လိုက်လာပြီး လူတို့ ကယ်တင်ခြင်း လိုအပ်နေမှုအပေါ် အထူးစူးစိုက်သည်။ ပြီးသည့်နောက် ကယ်တင်ခြင်းအကြောင်း သွန်သင်ချက် ပါရှိလာသည်။ ပြီးလျှင် အသင်းတော်အကြောင်း သွန်သင်ချက် လိုက်လာပြီး နောက်ဆုံးသော ကာလအကြောင်း သွန်သင်ချက်နှင့် အဆုံးသတ်သည်။ ဤအခြေခံအစီအစဉ်သည် စနစ်ကျဓမ္မပညာတို့၏ သွင်ပြင်လက္ခဏာဖြစ်သည်။ အကြောင်းမှာ အဆိုပါ ဦးစားပေးချက်များအား အစဉ်အလာ ခရစ်ယာန် ဓမ္မပညာ ကောက်ကြောင်းများမှတဆင့် စနစ်ကျဓမ္မဗေဒသမားတို့ လက်ခံရရှိကြ၍ ဖြစ်သည်။

သို့ဖြစ်၍ စနစ်ကျဓမ္မပညာ၌ အနည်းဆုံး သွင်ပြင်လက္ခဏာ သုံးခုကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ စင်ကြယ်သော ပရိုတက်စတင့် စနစ်ကျ ဓမ္မပညာရှင်တို့သည် သမ္မာကျမ်းနှင့် ညီထွေသော၊ ကြောင်းကျိုးသင့်ကာ ညီညွတ်ပြီး အလေးပေးချက်များနှင့် ဦးစားပေးအရာတို့၌ အစဉ်အလာကို ထိန်းသိမ်းသော ဓမ္မပညာမျိုး ဖန်တီးရန် ရှာကြံကြသည်။

ယခုတွင် စနစ်ကျဓမ္မပညာ၏ ကောက်ကြောင်းတို့ကို ကျွန်ုပ်တို့ အကြမ်းဖျင်း ပုံဖော်ပြီးသည်ဖြစ်၍ နောက်ထပ် ကျွန်ုပ်တို့၏ အလေးပေးချက်တစ်ခုဆီလှည့်ကြပါစို့။ ၎င်းမှာ ဓမ္မသစ် ဓမ္မပညာ၏ ပုံစံများ ဖြစ်ကြသည်။


ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

# ဓမ္မသစ် ဓမ္မပညာ

ဟုတ်ပါသည်။ စနစ်ကျဓမ္မဗေဒသမားကောင်းတို့သည် ဓမ္မဟောင်း အပါအဝင် သမ္မာကျမ်းစာတစ်အုပ်လုံးအပေါ် ခြုံငုံကာ အလေးဂရုပြုကြမည်ဖြစ်သည်။ သို့သော် ဤသင်ခန်းစာထဲတွင် စနစ်ကျ ဓမ္မပညာနှင့် ဓမ္မသစ်ကျမ်း ဓမ္မပညာတို့ကိုသာ ကျွန်ုပ်တို့ ကန့်သတ်နှိုင်းယှဉ်လေ့လာကြမည် ဖြစ်သည်။

ရှုထောင့်များစွာ၌ ဘားကော့ဖ် အကြံပြုခဲ့သလို စနစ်ကျ ဓမ္မပညာအား ဓမ္မသစ်၌ အမြစ်စွဲထားသည့် သစ်ပင်တစ်ပင်အဖြစ်ဖြင့် စဉ်းစားခြင်းသည် လျောက်ပတ်ပါပေသည်။ ပထမအားဖြင့် ဤဥပမာက အထောက်အကူ ဖြစ်စေသည်။ အကြောင်းမှာ စနစ်ကျ ဓမ္မပညာသည် ၎င်း၏ အသက်အား ကျမ်းစာမှ စီးဆင်းကြောင်း ကျွန်ုပ်တို့ကို သတိပေး၍ ဖြစ်သည်။ စင်ကြယ်သော စနစ်ကျဓမ္မဗေဒသမားတို့သည် ဓမ္မသစ်ကျမ်း၏ အခိုင်အမာပြောဆိုချက်တို့နှင့် အဖြစ်နိုင်ဆုံး ကိုက်ညီအောင် သူတို့၏ အခိုင်အမာပြောဆိုချက်တို့ကို ဖော်ပြရန် ရှာကြံကြသည်။ ဤသဘောအရ စနစ်ကျဓမ္မပညာကောင်းသည် ဓမ္မသစ် ဓမ္မပညာနှင့် အလွန်ပင် ဆင်တူနေရသည်။

သို့သော် ဒုတိယအားဖြင့် သစ်ပင်တစ်ပင်နှင့် များစွာအလားတူ စနစ်ကျဓမ္မဗေဒ သမားတို့သည် ကျမ်းစာမြေဆီလွှာမှ ဝေးရာ၊ ပြင်ပသို့လည်း နယ်ချဲ့ကြသည်။ ဆိုလိုသည်မှာ စနစ်ကျ ဓမ္မပညာသည် ဓမ္မသစ်ထဲမှ ထွက်ပြူလာသော်ငြား ၎င်းသည် ဓမ္မသစ်နှင့် အလွန်ကွဲပြားသည့် အရာတစ်ခုအဖြစ်သို့ ကြီးထွားလာခဲ့သည်။

အဆိုပါ ကွဲပြားမှုများကို တွေ့နိုင်ရန် ဓမ္မသစ် ဓမ္မပညာကို စနစ်ကျ ဓမ္မပညာမှ ခွဲခြားပေးသည့် ဓမ္မသစ် ဓမ္မပညာ၏ လက္ခဏာလေးခုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမဦးစွာ ဓမ္မသစ် ဓမ္မပညာ၏ နှိုင်းယှဉ်နိုင်လောက်သော ကွဲပြားမှုများ၊ ဒုတိယအားဖြင့် ဓမ္မသစ် ဓမ္မပညာ၏ သင်းအုပ်အမှုတော်ဆိုင်ရာ သဘောသဘာဝ၊ တတိယအားဖြင့် ဓမ္မသစ် ဓမ္မပညာကို ဖော်ပြရာတွင် အသုံးပြုသည့် စာပေရေးဟန် နှင့် စတုတ္ထအားဖြင့် ဓမ္မသစ် ဓမ္မပညာ၏ အခြေခံ မူဘောင်တို့ ဖြစ်ကြသည်။ ဓမ္မသစ်အတွင်း တွေ့ရသော ကွဲပြားသည့် ဝေါဟာရများနှင့် အဆင့်အတန်းများကို ဦးဆုံး ကြည့်ကြပါစို့။

## ကွဲပြားမှု

ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသည့်အတိုင်း အသင်းတော် သမိုင်းအတွင်း မကြာခဏ ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ်များအရ စနစ်ကျဓမ္မပညာကို တည်ဆောက်ခဲ့ကြသည်။ ဤရှည်လျားလှသော သမိုင်းကြောင်းက စနစ်ကျဓမ္မဗေဒသမားမှန်သမျှ အတော်ကလေး အစဉ်တစိုက် လိုက်နာလိုကြသည့် တူညီ ဝေါဟာရများ၊ အဆင့်အတန်း သတ်မှတ်ချက်များကို အစုံလိုက် ဖန်တီးဖြစ်ပေါ်စေခဲ့သည်။ အတိအကျဆိုရလျှင် ကွဲပြားသော စနစ်ကျဓမ္မဗေဒပညာရှင်တို့သည် မတူခြားနားသော ပုံစံများဖြင့် မိမိတို့ကိုယ်မိမိတို့ ဖော်ပြကြသည်။ မဖြစ်မနေ ဆင်တူရခြင်းမျိုးကား မရှိကြပေ။ သို့သော် စနစ်ကျဓမ္မဗေဒ တစ်ခုလုံးကို ခြုံငုံကာ အလွန်အမင်း စံပြုလိုက်ကြသည်ဖြစ်၍ ဝေါဟာရများနှင့် အဆင့်အတန်းများကိုလည်း များစွာ အလားတူသော ပုံစံဖြင့် အသုံးပြုလာကြတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဓမ္မသစ်ကျမ်းသည် ထိုမျှလောက် တိုးချဲ့ထားသော မျိုး တူမှုများကို ထင်ဟပ်ခြင်း မရှိပေ။ အမျိုးစုံလင်ကွဲပြားမှုသည် စနစ်ကျဓမ္မပညာမှာထက် ဓမ္မသစ်ကျမ်းပါ ဝေါဟာရများနှင့် အဆင့်အတန်းတို့၌ ပိုမိုများပြားသည်။ ဤအမှုအား ပုံကြီးမချဲ့မိဖို့ ကျွန်ုပ်တို့ ဂရုပြုရပါမည်။ အချက်အချာကျပြီး အခြေခံကျသော ခရစ်ယာန် အရေးအရာတို့တွင် ဓမ္မသစ်စာရေးသူတို့ ဘုံသဘော ထားရှိ သုံးစွဲကြသည့် ဝေါဟာရ၊ အယူအဆ၊ အတွေးဖွဲ့စည်းမှုများ ရှိကြသည်။ ဓမ္မသစ် ဓမ္မပညာသည် ပြောင်းလွယ်ပြင်လွယ်ရှိလွန်းသော်လည်း တူညီမှု လုံးလုံးကင်းမဲ့သည့် သဘောမျိုးတော့ မဟုတ်ပေ။

ဥပမာအားဖြင့် ဓမ္မဟောင်းသွန်သင်ချက်များမှ ရယူထားသော အလားတူနည်းများစွာဖြင့် ယင်းတို့အားလုံး ဘုရားသခင်ကို ဖော်ပြကြသည်။ ယေရှုသည် ခရစ်တော်မေရှိယ ဖြစ်ကြောင်း ယင်းတို့အားလုံး သွန်သင်ကြပြီး ထိုအချက် ဆိုလိုရင်းအကြောင်း ရှုပ်ထွေးနက်နဲသည့် ယုံကြည်ချက်များစွာကိုလည်း အတူတကွ ခံယူထားကြသည်။ အပြစ်တရားနှင့် ကယ်တင်ခြင်းလို ဝေါဟာရများ၏ အခြေခံအဓိပ္ပာယ်အပေါ် ယင်းတို့ သဘောညီကြသည်။ ထိုသို့သော အခြေခံတူညီမှုများ စာရင်းသည် အတော်လေးပင် ကျယ်ပြန့်သည်။

သို့တစေ အဆိုပါ တူညီမှုများရှိနေလင့်ကစား ဓမ္မသစ် ဓမ္မပညာသည် အတော်ပင် ကွဲပြားမှုရှိကြောင်း ပေါ်လွင်သည်။ မတူညီသော ဓမ္မသစ်စာရေးသူတို့သည် သူတို့၏ ဓမ္မပညာအား မတူကွဲပြားသော ပုံစံများဖြင့် ဖော်ပြခဲ့ကြသည်။

သူတို့ကွဲပြားရခြင်း အကြောင်းရင်း တစ်ခုကို သဘာဝကျသော မှုတ်သွင်းခြင်းဆိုင်ရာ သွန်သင်ချက်၌ ရှာတွေ့နိုင်သည်။ သမ္မာကျမ်းရေးသူများ အမှားအယွင်းကင်းဖို့၊ တစ်ဦးနှင့် တစ်ဦး မဆန့်ကျင်စေဖို့ သန့်ရှင်းသော ဝိညာဉ်တော်က ထိန်းကျောင်းကာကွယ်ပေးခဲ့သော်လည်း ဓမ္မသစ် စာရေးသူတို့ တထေရာတည်း ဆင်တူမှုရှိစေရန် သူတို့၏ ဝေါဟာရများ၊ အတန်းအစားများအား တပြေးညီ ဖြစ်အောင် ကိုယ်တော် မလုပ်ခဲ့ပါ။ ကျမ်းရေးသူတိုင်းက မိမိကိုယ်ပိုင် နောက်ခံရှုထောင့်၊ ပုဂ္ဂိုလ်ရေး ဖြစ်တည်မှု၊ ဘဝအတွေ့အကြုံများအရ ရေးသားခဲ့ကြခြင်း ဖြစ်သည်။ အကျိုးရလာဒ်အားဖြင့် ဓမ္မသစ် စာရေးသူတို့သည် ခရစ်ယာန် ယုံကြည်ခြင်းအား ကွဲပြားသော်လည်း ဖြည့်ဆည်းသောနည်းများဖြင့် ဖော်ပြခဲ့ကြသည်။

ထိုအကြောင်းကြောင့်ပင် ခရစ်ယာန် ယုံကြည်ခြင်းကို ပေါလုဖော်ပြပုံသည် ရှင်လုကာ ဖော်ပြပုံနှင့် တထေရာတည်း ဖြစ်မနေရခြင်း ဖြစ်သည်။ ယောဟန် သည် မဿဲ နှင့် ကွဲပြားသည်။ မာကုသည် ပေတရု နှင့် ကွဲပြားသည်။ စနစ်ကျဓမ္မပညာမှာ အကြောင်းအရာထည့်သွင်းသည့် စံနည်းလမ်းများနှင့် ယှဉ်ပါက ဓမ္မသစ် ဓမ္မပညာသည် အတော်ကလေး ကွဲပြားသည်။

ပိုမိုကွဲပြားမှု ရှိသည်သာမက ဓမ္မသစ် ဓမ္မပညာသည် စနစ်ကျ ဓမ္မပညာထက် သင်းအုပ်အမှုတော်ဆိုင်ရာ သဘောသဘာဝ ဆန်သည်။

## သင်းအုပ်အမှုတော် ဆိုင်ရာ စရိုက်လက္ခဏာ

စနစ်ကျ ဓမ္မပညာသည် ခရစ်ယာန် ယုံကြည်ခြင်းအကြောင်း သွန်သင်ချက်များအား ကြောင်းကျိုးသင့်ပြီး ရှေ့နောက်ညီညွတ်ကာ ခြုံငုံကာမိစေရန် တည်ဆောက်ထားခြင်း ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

၎င်းသည် အမြဲတည်နေပြီး အလုံးစုံ မှန်ကန်သည့် သမ္မာတရားများ ဖြစ်ကြသည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် ၎င်း၌ စိတ်ဖြင့်သာ နားလည်နိုင်ပြီး လက်တွေ့မမြင်ရသော သီဝရီဆန်သည့် အရည်အသွေးရှိသည်။ ဘုရားသခင် ကိုယ်တော်တိုင်မှာ ရှိသကဲ့သို့သော အရာများ၊ အပြစ်ဖြေခြင်းဆိုင်ရာ သီဝရီများ၊ မင်္ဂလာအထုံးအဖွဲ့များ၊ အခြားသော လက်တွေ့မပြနိုင်သည့် အရေးအရာများစွာ အပေါ် စူးစိုက်ထားသည်။

၎င်းနှင့် ခြားနားစွာပင် ဓမ္မသစ် ဓမ္မပညာသည် များစွာ သာ၍ သင်းအုပ်ဆိုင်ရာ အမှုတော်ဆန်သည်။ ဓမ္မသစ် စာရေးသူတို့သည် သူတို့၏ ဓမ္မပညာအား တိတိကျကျ ဖော်ပြနိုင်လောက်သည့် လိုအပ်ချက်များကို တိကျသောနည်းလမ်းများဖြင့် ဖြေရှင်းရာ၌ ဖော်ပြခဲ့ကြသည်။ ထပ်ပြောရလျှင် ဤအမှုကိစ္စကိုလည်း ကျွန်ုပ်တို့ ပုံကြီးမချဲ့မိရန် အရေးကြီးပါသည်။ ဓမ္မသစ် စာရေးသူတို့သည်လည်း ထာဝရတည်ပြီး စိတ်ဖြင့်သာ နားလည်နိုင်သည့် သမ္မာတရားများကို ရှင်းပြထားသည်။ သို့သော် ယေဘုယျအားဖြင့် သူတို့၏ အရေးအသားများသည် သူတို့ခေတ်ကာလက အမျိုးမျိုးသော ယုံကြည်သူများ ရင်ဆိုင်ခဲ့ရသော တိကျသည့် စိမ်ခေါ်မှုများကို ဖြေရှင်းရခြင်းနှင့် အများဆုံး စပ်ဆိုင်သည်။

သာဓကအားဖြင့် ပေါလု၏ ဩဝါဒစာများ တစ်ခုနှင့် တစ်ခု အကြား အလွန်အမင်း ကွဲပြားမှု ရှိပုံကို ဤလက်တွေ့ကျသော သင်းအုပ်ဆိုင်ရာ စူးစိုက်မှုက ရှင်းပြနေသည်။ စနစ်ကျဓမ္မပညာတစ်ရပ်ကို ပေါလုရေးဖို့ ရည်ရွယ်ခဲ့ပါလျှင် ဩဝါဒစာ တစ်စောင်တည်းကိုသာ သူရေးခဲ့နိုင်သည်။ သို့သော် သူ့စာစောင်များ၏ ပါဝင်အကြောင်းအရာနှင့် အလေးပေးချက်တို့သည် အကြီးအကျယ် အမျိုးစုံလင်ကွဲပြားသည်။ အကြောင်းမှာ စာစောင် တစ်ခုချင်းစီတိုင်းက မတူခြားနားသော အသင်းတော်များအတွင်း ကွဲပြားသည့် လိုအပ်ချက်များကို ဦးတည်ဖြေရှင်းသောကြောင့် ဖြစ်သည်။

ဓမ္မသစ် စာရေးသူအားလုံးက ဓမ္မပညာကို နက်နက်နဲနဲ သိကျွမ်းနားလည်ထားသည်မှာ သံသယဖြစ်ဖွယ် မရှိပါ။ သို့သော် ဓမ္မသစ်ကျမ်းများအတွင်း သူတို့၏ ဓမ္မပညာကို ဖော်ပြရသည့်ကိစ္စမျိုး ရှိလာသည့်အခါ အဆိုပါ မြင့်မားသည့် သဘောအယူအဆများကို ရှင်းပြရန် ရည်ရွယ်ချက် မရှိခဲ့ကြပေ။ ထိုအစား သူတို့ ရည်မှန်းသည်မှာ ဓမ္မပညာကို တကယ့်လက်တွေ့ဘဝ အခြေအနေများအတွင်း လက်တွေ့အသုံးချခြင်းဖြင့် လူတို့ကို အုပ်ထိန်းရန် ဖြစ်သည်။ ထို့ကြောင့် ဩဝါဒများအား ကြောင်းကျိုးပြ ရှင်းလင်းချက်များ အပေါ် စူးစိုက်နေမည့်အစား လူတို့၏ ပကတိလိုအပ်ချက်များ၊ အဆိုပါ လိုအပ်ချက်များကို ဓမ္မပညာအားဖြင့် ဖြည့်ဆည်းပေးမည့်နည်းလမ်းများ အပေါ်မှာသာ ဓမ္မသစ် စာရေးသူတို့က စူးစိုက်ခဲ့ကြသည်။ သို့ဖြစ်၍အကျိုးရလာဒ်အားဖြင့် သူတို့၏ ဓမ္မပညာကျမ်းများသည် စံပြု စနစ်ကျဓမ္မပညာနှင့် အလွန်ပင် ကွဲပြားခြားနားသည့်ပုံ ပေါက်နေတော့သည်။

တတိယအားဖြင့် ဓမ္မသစ် ဓမ္မပညာသည် စနစ်ကျဓမ္မပညာနှင့် မတူကွဲပြားခြားနားသည်။ အကြောင်းမှာ ဓမ္မသစ် ဓမ္မပညာအား ကွဲပြားစုံလင်သော စာရေးဟန်များဖြင့် ဓမ္မသစ်ကျမ်းက ဖော်ပြသောကြောင့် ဖြစ်သည်။ ဓမ္မသစ်ကျမ်းရေးသူတို့သည် မတူခြားနားသော စာပေပုံစံနှင့် ရေးဟန်များစွာကို သုံးစွဲထားကြသည်။

## စာပေအရေးအသားပုံစံ

စနစ်ကျဓမ္မပညာအား အခြေခံကျသည့် စာရေးဟန်တစ်ခုဖြင့် ပြုစုသည်။ အကျယ်ချဲ့ထားသော စာစီစာကုံး တစ်ပုဒ် သို့မဟုတ် ကျမ်းတစ်ခု ဟု ခေါ်ဆိုလိုက ခေါ်ဆိုနိုင်သည်။ စနစ်ကျဓမ္မပညာအတွင်း ပါရှိသမျှ အကြောင်းအရာ အားလုံးနီးပါးသည် ဤစကားပြေပုံစံ ဖြစ်ကြသည်။

၎င်းနှင့် ခြားနားစွာပင် ဓမ္မသစ် ဓမ္မပညာအား စာပေ ရေးဟန် အမျိုးစုံလင်ကွဲပြားစွာ ဖော်ပြသည်။ ဓမ္မသစ်ကျမ်းထဲတွင် မတူခြားနားသော စာပေအမျိုးအစား များပြားစွာ ပါရှိသည်။ ယေဘုယျဆိုရလျှင် ဇာတ်ကြောင်းများနှင့် ပေးစာများဟူ၍ အဓိက စာပေအရေးအသားပုံစံ နှစ်မျိုး ပါရှိသည်။ ခရစ်ဝင်ကျမ်းများနှင့် တမန်တော်ဝတ္ထုတို့သည် အခြေခံအားဖြင့် ဇာတ်ကြောင်းများဖြစ်ကြပြီး ကျန်သည်တို့မှာ ဩဝါဒစာစောင်များ သို့မဟုတ် ပေးစာများ ဖြစ်ကြသည်။ ဓမ္မသစ် ဇာတ်ကြောင်းများနှင့် ဩဝါဒစာစောင်များထဲတွင် ဓမ္မသီချင်းများ၊ ဆုတောင်းချက်များ၊ မိန့်မှာချက်များ၊ ပြစ်တင်စွပ်စွဲချက်များ၊ ပုဂ္ဂိုလ်ရေး မေတ္တာရပ်ခံချက်များ၊ ရူပါရုံများ၊ နိုးဆော် တိုက်တွန်းချက်များနှင့် အခြားသော စာပေအမျိုးအစား များစွာကိုလည်း တွေ့ရသည်။ သို့တစေ အဆိုပါ စာပေအမျိုးအစားတို့ကို စနစ်ကျဓမ္မပညာတွင် တွေ့ရခဲသည်။

ဓမ္မသစ်နှင့် စနစ်ကျဓမ္မပညာတို့ကြား မတူကွဲပြားမှု များစွာသည် ယင်းတို့၏ အခြေခံ ဓမ္မပညာမူဘောင် သို့မဟုတ် ဖွဲ့စည်းမှု တနည်းအားဖြင့် ဩဝါဒများအား တစ်ခု နှင့် တစ်ခု ဆက်စပ် ဓမ္မပညာ တည်ဆောက်ပုံကို နှိုင်းယှဉ်ကြည့်သည့်အခါ ပေါ်လွင်လာသည်။

## အခြေခံမူဘောင်

စနစ်ကျဓမ္မပညာသည် ပုံမှန်အားဖြင့် အသင်းတော် သမိုင်းတလျှောက် ရာစုနှစ်များစွာအတွင်း တိုးတက်ဖြစ်ပေါ်လာသည့် အခြေခံ မူဘောင်ကို လိုက်နာသည်။ ကျွန်ုပ်တို့ တွေ့ခဲ့ပြီးသလို ပရိုတက်စတင့် စနစ်ကျဓမ္မပညာအားလုံးနီးပါးအား အောက်ပါ အစီအစဉ်များအတိုင်း —သမ္မာကျမ်းစာအကြောင်း သွန်သင်ချက် သို့မဟုတ် ဘုရားသခင့်အကြောင်း သွန်သင်ချက်သည် ဦးစွာလာပြီး ထို့နောက် လူသားအကြောင်း၊ ကယ်တင်ခြင်းအကြောင်း၊ အသင်းတော်အကြောင်းနှင့် နောက်ဆုံးသောကာလ အကြောင်းတို့က လိုက်လာကြသည်။

ယခုတွင် ဓမ္မသစ်ကျမ်းနှင့် ရင်းနှီးသူတိုင်းအဖို့ အဆိုပါ ခေါင်းစဉ်အားလုံးကို ဓမ္မသစ်စာရေးသူတို့ ဆွေးနွေးထားကြောင်း ရှင်းလင်းပေါ်လွင်ပြီး ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းက ကျမ်းစာ၊ ဘုရားသခင်၊ လူသား၊ ကယ်တင်ခြင်း၊ အသင်းတော်၊ နောက်ဆုံးကာလများအကြောင်း သွန်သင်ထားသည်။ သို့သော် တချိန်တည်းမှာပင် အဆိုပါ အစီအစဉ်များအတိုင်း ဓမ္မသစ်ကျမ်းကို ဖွဲ့စည်းခင်းကျင်း မထားသောကြောင့် စနစ်ကျဓမ္မပညာနှင့် မတူညီကြောင်း သဘောပေါက်ရန် အလွန်အရေးကြီးပါသည်။ ထိုအစား ပထမရာစုနှစ်က ဂျူးဓမ္မပညာရှင်အများစုကဲ့သို့ ဓမ္မသစ် စာရေးသူတို့သည် ဘုရားသခင့် မေရှိယနိုင်ငံတော် အာဘော်ကို အခြေတည်ကာ သူတို့၏ ဓမ္မပညာကို ယေဘုယျအားဖြင့် ဖွဲ့စည်းခဲ့ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် အပြစ်ရှိသော ဣသရေလနိုင်ငံတော်အား ကာလရှည်ကြာစွာ သူ့ကျွန်ဘဝ ကျရောက်စေလျက် တပါးအမျိုးတို့၏ အုပ်စိုးမှုအောက်၌ အပြစ်ပေးတော်မူမည့်အကြောင်း ခရစ်တော် မတိုင်မီ ရာစုနှစ်များစွာကပင် ဓမ္မဟောင်း ပရောဖက်တို့က ဖော်ပြခဲ့ကြသည်။ သို့သော် နောက်ဆုံးသောကာလတွင် ဣသရေလတို့၏ ကျွန်ခံဘဝကို အဆုံးသတ်၍ အောင်မြင်မှုနှင့် ကောင်းချီးခံရာ နေ့သစ်ကို ဘုရားသခင် ဆောင်ကြဉ်းပေးမည့် အကြောင်းကိုလည်း ပရောဖက်တို့က ဆင့်ဆိုခဲ့ကြသည်။ ထို့ပြင် ကိုယ်တော်၏ ရန်မာန်များအပေါ် အဆုံးသတ်တရားစီရင်ကာ သစ္စာရှိသော ဂျူးများနှင့် တစ်ပါးအမျိုးသားများထံ အဆုံးသတ် ကောင်းချီးများကို ဆောင်ကြဉ်းပေးရင်း မြေကြီးပေါ်မှာ ဘုရားသခင့် နိုင်ငံတော်၏ နောက်ဆုံးအဆင့်ကို ပြည့်စုံစေမည့် မိမိ၏ မေရှိယအားဖြင့် ဤအရာကို ဘုရားသခင် လုပ်ဆောင်မည် ဖြစ်သည်။ ဓမ္မသစ်အချိန်လောက် ရောက်ချိန်၌ ဂျူးလူမျိုးတို့သည် ကျွန်ဘဝ ဆင်းရဲဒုက္ခကို သားစဉ်မြေးဆက် ခံစားခဲ့ရပြီးဖြစ်သည်။ ရလာဒ်အားဖြင့် မေရှိယကြွလာခြင်းနှင့်တကွ ဘုရားသခင့် နိုင်ငံတော်၏ အဆုံးသတ်အဆင့် ရောက်ရှိလာခြင်းတို့သည် ဂျူးဓမ္မပညာရှိသမျှကို ချိတ်ဆက်ပေါင်းစပ်ပေးသည့် တစ်ခုတည်းသော ဗဟို အလေးပေးချက်ကြီး မဟုတ်သည့်တိုင် အဓိကကျသော အလေးပေးချက်ကြီးတစ်ခု ဖြစ်လာခဲ့သည်။ ဂျူး ဓမ္မပညာရှင်များအပေါ် အကြီးအကျယ်ဖိစီးနေသည့် မေးခွန်းများမှာ အောက်ပါတို့ ဖြစ်ကြသည်- "မေရှိယ မည်သည့်အချိန် ကြွလာမည်နည်း" "ကြီးကျယ်သော တရားစီရင်ခြင်းနှင့် ကောင်းချီးပေးခြင်း နေ့ရက်ကို မေရှိယက မည်သို့ ဆောင်ကြဉ်းပေးမည်နည်း" "မေရှိယကို မျှော်လင့်သောအားဖြင့် ဘုရားသခင့် သစ္စာခံများမည်သို့ အသက်ရှင်ကြရမည်နည်း"

အဆိုပါ အာဘော်တို့မှာလည်း ဓမ္မသစ် စာရေးသူတို့၏ အချက်အချာကျသော အလေးပေးချက်များ ဖြစ်ကြသည်။ ဓမ္မသစ်စာရေးသူတို့သည် ဘုရားသခင့် နိုင်ငံတော်နှင့် မေရှိယတို့၏ နောက်ဆုံးပြည့်စုံလာမည့် အဆင့်ကို တည်မှီ၍ သူတို့၏ ဓမ္မပညာကို တည်ဆောက်ခဲ့ကြသည်။ သို့သော် ခရစ်ယာန်တို့၏ ရှုထောင့်မှ သီးသန့် သူတို့ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။

ကျွန်ခံကာလ ပြီးဆုံးခြင်းနှင့် ဘုရားသခင့် မေရှိယနိုင်ငံတော် ရောက်လာခြင်းတို့သည် ဂျူးဓမ္မပညာရှင် အများစု မျှော်လင့်ခဲ့သလို ယေရှုအားဖြင့် ရိုးရိုးရှင်းရှင်းနှင့် တစ်ခါတည်း ဖြစ်လာမည်မဟုတ်ကြောင်း ယေရှုနှင့် တပည့်တော်များက ရှင်းပြခဲ့ကြသည်။ ဓမ္မသစ်စာရေးသူတို့၏ အခြေခံပန်းတိုင်တစ်ခုမှာ ဤကျွန်ခံရာနှင့် အပြစ်ခေတ်ကာလမှ ဘုရားသခင့် မေရှိယနိုင်ငံသို့ ကူးပြောင်းရာတွင် ခက်ခဲရှုပ်ထွေးပြီး ပိုမိုရှည်ကြာသော ဖြစ်စဉ်တစ်ခု ပါရှိနေကြောင်း ရှင်းပြရန် ဖြစ်သည်။ ဓမ္မသစ်ကျမ်းအရ မြေကြီးပေါ်မှာ ယေရှုရှိနေစဉ်မှာပင် ကျွန်ခံရာကာလ အဆုံးသတ်ခြင်းနှင့် မေရှိယနိုင်ငံတော် အစပြုခြင်းတို့ကို ယေရှုက အစပြုပေးခဲ့ပြီး ဖြစ်သည်။ တနေ့တွင် ခရစ်တော် ပြန်ကြွလာမည်ဖြစ်ပြီး နောက်ဆုံးတရားစီရင်ခြင်းနှင့် ကောင်းချီးမင်္ဂလာတို့ ဘုန်းတော်၌ ပြီးပြည့်စုံရာဆီသို့ နိုင်ငံတော်ကို ခေါ်ဆောင်လိမ့်မည် ဖြစ်သည်။ သို့သော် လက်ရှိအချိန်တွင်မူ ကျွန်ခံကာလနှင့် ဘုရားသခင့် မေရှိယနိုင်ငံတော်တို့သည် ဘေးချင်းယှဉ်ကာ တည်ရှိနေကြသည်။

ဤအခြေခံမူဘောင်အရ သူတို့ ယုံကြည်ထားသမျှ အရာရာကို ဓမ္မသစ်စာရေးသူတို့က ဖွဲ့စည်းထားသည်။ သာဓကအားဖြင့် ဘုရားကို သူတို့ စိတ်ကူးယဉ်ဆန်ဆန် မရှင်းပြဘဲ အပြစ်အုပ်စိုးသော ခေတ်ကာလအတွင်း ဘုရားသခင် လက်တွေ့ မည်သို့ပြုမူဆောင်ရွက်ခဲ့ကြောင်း၊ ယခု ခေတ်ကာလ နှစ်ခု


ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ထပ်ကာ တစ်ချိန်တည်း ဖြစ်ပေါ်နေစဉ် အတောအတွင်း မည်သို့ပြုမူနေကြောင်း၊ လာမည့်ခေတ်ကာလတွင် မည်သို့ ပြုမူမည် ဖြစ်ကြောင်းတို့ကို အဓိကအားဖြင့် ရှင်းပြရန် အာရုံစိုက်ခဲ့ကြသည်။ ခရစ်တော်အကြောင်းသြဝါဒနှင့် စပ်လျဉ်း၍ သီဝရီဆိုင်ရာ ဆွေးနွေးချက်များကို သူတို့ မပေးခဲ့ပါ။ ထိုအစား ကိုယ်တော်သည် နိုင်ငံတော်ကို အစပြုသူ၊ ဆက်လက်ဖြစ်ပေါ်နေစေသူ၊ ပြီးပြည့်စုံစေမည့်သူ ဖြစ်သည် ဆိုသည့် အဓိပ္ပာယ်ဖြင့်သာ သူတို့ ရှင်းပြခဲ့သည်။

သန့်ရှင်းသော ဝိညာဉ်တော်အားလည်း အဆိုပါ အဆင့်သုံးဆင့်အရ "ကြွလာပြီးသောသူ" "အသင်းတော်ကို ယခု တန်ခိုးပေးနေသူ" "တနေ့တွင် အလုံးစုံ၏ အလုံးစုံ ဖြစ်စေမည့်သူ" စသည်ဖြင့် ပုံဖော်ထားသည်။ ကယ်တင်ခြင်း သြဝါဒကိုပင် ဤအယူအဆပုံစံအတိုင်း မူဘောင်ချထားသည်။ ကယ်တင်ခြင်းသည် လုပ်ဆောင်ပေးခဲ့ပြီးသော အရာ ဖြစ်သည်။ သို့သော် နိုင်ငံတော် ခရီးဆက်နေစဉ်အတွင်း ၎င်းကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ဘုန်းတော်၌ ခရစ်တော်ကြွလာချိန်တွင် အပြည့်အဝ ပြီးမြောက်လိမ့်မည် ဖြစ်သည်။ ဤသဘောအရ ဓမ္မသစ် ဓမ္မပညာ၏ အခြေခံမူဘောင်သည် စနစ်ကျဓမ္မပညာ၏ အခြေခံမူဘောင်နှင့် အလွန်ပင် ကွဲပြားခြားနားသည်။

ထို့ကြောင့် စနစ်ကျဓမ္မပညာနှင့် ဓမ္မသစ်ဓမ္မပညာတို့၏ နှိုင်းယှဉ်မှုအရ တူညီမှုနှင့် ကွဲပြားမှုများကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ စနစ်ကျဓမ္မပညာသည် သမ္မာကျမ်းစာတွင် အမြစ်စွဲသည်။ ၎င်း၏ အခိုင်အမာပြောဆိုချက်များ (ဝါ) ဓမ္မပညာသွန်သင်ချက်တို့သည် သမ္မာကျမ်းနှင့် ညီထွေရမည်၊ တူညီသော သြဝါဒများနှင့် အချက်အလက်များကို ဝန်ခံအတည်ပြုရမည် ဖြစ်သည်။ ဤသဘောအရ ယင်းနှစ်ခုတို့သည် အလွန်ပင် တူညီမှု ရှိကြသည်။ သို့သော် တစ်ချိန်တည်းမှာပင် စနစ်ကျဓမ္မပညာနှင့် ဓမ္မသစ် ဓမ္မပညာတို့အကြား အရေးပါသော ကွဲပြားမှုများလည်း ရှိနေကြသည်။

ယခုတွင် ဓမ္မသစ်နှင့် စနစ်ကျ ဓမ္မပညာတို့အကြား ဆက်နွယ်မှုကို ကျွန်ုပ်တို့ ဖော်ထုတ်လေ့လာပြီးဖြစ်၍ ဒုတိယ ခေါင်းစဉ်ဖက် လှည့်ကြပါမည်။ ၎င်းမှာ ခရစ်ယာန် အသင်းတော် သမိုင်းတလျှောက် စနစ်ကျဓမ္မပညာ ဖွံ့ဖြိုးတိုးတက်လာပုံ အကြောင်းပင် ဖြစ်သည်။

# သမိုင်းတွင်း ဖွံ့ဖြိုးတိုးတက်မှုများ

တွေ့ခဲ့ကြပြီးသလို ထူးခြားအရေးပါသည့် ပုံစံများဖြင့် စနစ်ကျဓမ္မပညာသည် ဓမ္မသစ်ဓမ္မပညာနှင့် ကွဲပြားနေသည်။ သို့သော် အဆိုပါ ကွဲပြားမှုတို့ကြောင့် အရေးပါသော မေးခွန်းများ ပေါ်ထွက်လာရသည်။ "သမ္မာကျမ်းစာကို အလွန်ဝန်ခံကြသော ပရိုတက်စတင့်တို့သည် ဓမ္မသစ်ဓမ္မပညာနှင့် များစွာ ကွဲပြားခြားနားသော ဓမ္မပညာစနစ်တစ်ခုကို အဘယ်ကြောင့် ထောက်ခံအားပေးရပါသနည်း" "စနစ်ကျဓမ္မဗေဒသည် သစ္စာရှိခရစ်ယာန်တို့ ဓမ္မပညာ တည်ဆောက်သမျှ နည်းလမ်းတို့၌ အလွန်ပင် လေးစားတန်ဖိုးထားရာ စနစ်တစ်ခုအဖြစ် မည်သို့ ရောက်လာခဲ့ပါသနည်း"

ဤအကြောင်းအရာကို ကျွန်ုပ်တို့ ယခုလို အကျဉ်းချုပ်နိုင်ပါသည်။ ပြောင်းလဲနေသော လောကအတွင်း အသင်းတော်က လောကသို့ ကာလတာရှည် တုန့်ပြန်အစေခံနေသည့် ဖြစ်စဉ်အားဖြင့် စနစ်ကျဓမ္မပညာ ပေါ်ထွန်းလာခဲ့သည်။ ယေရှုရှလင်မှ လောက အခြားနေရာများသို့ ခရစ်ယာန် ယုံကြည်ခြင်းတရား ဖြန့်ကျက်သွားသည့်အခါ ခရစ်ယာန် ဓမ္မပညာရှင်တို့ကလည်း စုံလင်ကွဲပြားသော အပြောင်းအလဲများနှင့် စိမ်ခေါ်မှုများကို တုန့်ပြန်ရန် ရှိလာခဲ့ကြသည်။ သမ္မာကျမ်းစာကို ရှင်းပြပြီး လက်တွေ့အသုံးချနိုင်မည့် နည်းလမ်းသစ်များကို ရှာဖွေခြင်းဖြင့် ဤအရာကို တစ်စိတ်တစ်ပိုင်း ဖြေရှင်းခဲ့ကြသည်။ အဆုံးတွင် သူတို့သုံးစွဲသည့် နည်းဗျူဟာများသည် စနစ်ကျဓမ္မပညာအဖြစ်သို့ ကြီးပွားလာခဲ့သည်။

ပထမတွင် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများကို တုန့်ပြန်သောအားဖြင့် ဓမ္မပညာပုံဖော်ရေး သဘောအယူအဆကို လက်ခံဖို့ ခရစ်ယာန် အများအပြား တွန့်ဆုတ်ကြသည်။ သို့သော် ခရစ်တော်၏ နောက်လိုက်များအနေဖြင့် သမ္မာကျမ်းထဲ ဖွင့်ပြထားသည့် သမ္မာတရားကို မြဲမြံစွာကိုင်စွဲထားရန် နှင့် အခြားသူများ နားလည်အောင် ဆက်သွယ်ပြောကြားရန် ကျွန်ုပ်တို့မှာ တာဝန်ရှိကြောင်း ဓမ္မသစ်က ရှင်းရှင်းပြောဆိုထားသည်။ အမှန်စင်စစ် ခရစ်တော်ကိုယ်တိုင်ကလည်း ဤသို့ လုပ်ဆောင်ရန် မဟာစေခိုင်းချက်ကြီး အားဖြင့် သွန်သင်ခဲ့တာရှိသည်။ မဿဲ ၂၈း၁၉-၂၀ တွင်တွေ့ရသော သူ၏စကားများကို နားထောင်ကြည့်ပါ-

> သင်တို့ သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒ ပေးကြလော့ (မဿဲ ၂၈:၁၉-၂၀)။

ဤနေရာတွင် တစ်ခု မှတ်သားစရာရှိပါသည်။ "သင်တို့သွား၍ လူမျိုးတကာတို့အား သမ္မာကျမ်းစာ ဖတ်ပြပါ" ဟု ယေရှု မပြောပါ။ ယခု အသင်းတော် သာသနာတွင် လူအများကြား ကျမ်းစာဖတ်ခြင်းသည် အရေးပါသော ကဏ္ဍတစ်ခု ဖြစ်သည်။ သို့သော် ယင်းသည် မဟာစေခိုင်းချက်ကြီးထဲ ကျွန်ုပ်တို့ကို ယေရှုမိန့်မှာသည့်အရာ မဟုတ်ပေ။ သူ၏ စေခိုင်းချက်ကြီး ပြီးမြောက်စေရန် ကျွန်ုပ်တို့သည် သူ့စကားကို "သွန်သင်" ပေးကြရမည်၊ ကျမ်းစာကို *သွန်သင်* ပေးကြရမည် ဖြစ်သည်။

တနည်းဆိုရလျှင် သမ္မာကျမ်းစာကို ဆက်သွယ်ပြောဆိုရန် နည်းလမ်းရှာကြရမည် ဖြစ်သည်။ ဤကိစ္စတွင် သမ္မာကျမ်းထဲ ကျွန်ုပ်တို့ တွေ့ထားသည်တို့ကို ပုံဖော်၊ ရှင်းပြရသည့် လုပ်ငန်းအချို့ အမြဲလို ပါဝင်နေတတ်သည်။ ထိုသို့အားဖြင့် ပတ်ဝန်းကျင်ကလူများ နားလည်နိုင်ကြမည် ဖြစ်သည်။ စနစ်ကျဓမ္မပညာသည် သွန်သင်ပေးလိုသော၊ ထိရောက်စွာ ဆက်သွယ်ပြောဆိုလိုသော၊ မဟာစေခိုင်းချက်ကြီးကို ပြီးမြောက်စေလိုသော ဆန္ဒထဲက ထွက်ပေါ်လာခြင်းဖြစ်ပြီး ယနေ့တိုင် ခရီးဆက်နေဆဲ ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့ နားလည်ထားသည့် စနစ်ကျဓမ္မပညာအဖြစ်သို့ ဦးတည်လာသည့် အဓိကကျသော ဖွံ့ဖြိုးမှု သမိုင်းကြောင်း သုံးခုကို ကျွန်ုပ်တို့ အကျဉ်းချုံး ဖော်ပြကြပါမည်။ ပထမဦးစွာ

အကြမ်းဖျင်း အေဒီ ၁၅၀ မှ အေဒီ ၆၀၀ ခန့်အတွင်းရှိ အသင်းတော် ဖခင်ကြီးများ၏ ဓမ္မပညာဖြစ်ပြီး ၎င်းသည် စနစ်ကျဓမ္မပညာသို့ အစပြုရာ ခြေလှမ်းဖြစ်သည်။ ဒုတိယအားဖြင့် အကြမ်းဖျင်း အေဒီ ၆၀၀ မှ အေဒီ ၁၅၀၀ ခန့်အထိ အလယ်ခေတ် ဓမ္မပညာ ဖြစ်ပြီး ဓမ္မပညာချဉ်းကပ်လေ့လာနည်းများစွာ ဖွံ့ဖြိုးတိုးတက်ချိန် ဖြစ်ကာ စနစ်ကျဓမ္မပညာ၏ အနီးဆုံးရှေ့ပြေးများ ဖြစ်ကြသည်။ တတိယအားဖြင့် အေဒီ ၁၅၀၀ မှ ယနေ့ကာလထိ ပရိုတက်စတင့်တို့၏ စနစ်ကျဓမ္မပညာ နည်းလမ်းများအရ တည်ဆောက်ခဲ့သည့် ပရိုတက်စတင့် ဓမ္မပညာ ဖြစ်သည်။ ခရစ်တော်နှင့် သူ့တပည့်တော်များနောက်ပိုင်း အသင်းတော်ဖခင်များကာလအတွင်း စနစ်ကျဓမ္မပညာဆီသို့ ဦးတည်သော အစောဆုံးလှုပ်ရှားမှုအချို့နှင့် အစပြုကြပါစို့။

# အသင်းတော် ဖခင်များ၏ ဓမ္မပညာ

စနစ်ကျဓမ္မဗေဒဆီသို့ ဦးတည်သော ဤပထမ ခြေလှမ်းကို နားလည်ရန် ကိစ္စရပ်နှစ်ခုကို ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ပထမအားဖြင့် အသင်းတော် ဖခင်များ ခေတ်ကာလအတွင်း အသင်းတော်ကြုံတွေ့ခဲ့ရသော ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုများဖြစ်ပြီး ဒုတိယအားဖြင့် ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုများကြောင့် ဖြစ်လာရသော ဓမ္မပညာပိုင်းဆိုင်ရာ အပြောင်းအလဲများဖြစ်ကြသည်။ ပထမအားဖြင့် အသင်းတော် ဖခင်များကာလ ယဉ်ကျေးမှု ဆိုင်ရာ ပြောင်းလဲမှုများကို ဦးစွာ စဉ်းစားကြပါစို့။

## ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုများ

တမန်တော်တို့နောက်ပိုင်း ကနဦးအသင်းတော် ကြုံရသည့် အကြီးဆုံး အပြောင်းအလဲကြီးမှာ ခရစ်ယာန်ယုံကြည်ခြင်း၏ ဗဟိုသည် ပါလက်စတိုင်းရှိ ဇာတိအိမ်မှ တပါးအမျိုးသားတို့လောကရှိ အိမ်နေရာသစ်သို့ ရွှေ့သွားခြင်း ဖြစ်သည်။ ဤအပြောင်းအလဲသည် အလွန်ပင် ပြတ်သားရကား ဂျူးများထက် တစ်ပါးအမျိုးသားတို့က အသင်းတော်ကို ဦးဆောင်သူ ဓမ္မပညာရှင်များ ဖြစ်လာခဲ့ကြသည်။

ဤခေါင်းဆောင်မှု အကူးအပြောင်းကြောင့် ခရစ်ယာန်တို့ ဓမ္မပညာ တည်ဆောက်ရာ နည်းလမ်းများ၌ ထူးခြားအရေးပါသော အပြောင်းအလဲများ ပေါ်ပေါက်လာခဲ့သည်။ တစ်ပါးအမျိုးသားတို့နေရာတွင် အစေခံရန် တစ်ပါးအမျိုးသား ဓမ္မပညာရှင်တို့က ရှာကြံလာသည်နှင့်အမျှ ထိုစဉ်က ရှိနေခဲ့သည့် ခေါမ-ရောမ ယဉ်ကျေးမှုနှင့် စပ်ဆိုင်မှုရှိသည့် နည်းလမ်းများအရ ယုံကြည်ခြင်းတရားကို ခုခံကာကွယ်ခြင်း၊ ရှင်းပြခြင်းများ စလုပ်ခဲ့ကြသည်။ သူတို့ခေတ်ကာလက ဟေလသ ဒဿနိက အတွေးအခေါ်များအရ ခရစ်ယာန် ယုံကြည်ခြင်းတရားကို အစပြုဖော်ပြလာကြသည်။

စိတ်ဝင်စားဖွယ်ကောင်းစွာပင် သမ္မာကျမ်းစာကို ဟေလသ ယဉ်ကျေးမှုနှင့် ပထမဆုံး အဓိပ္ပာယ်ရှိစွာ ဆက်သွယ်ပေးသူများမှာ ခရစ်ယာန်များ မဟုတ်ခဲ့ကြပါ။ ခရစ်တော်မတိုင်မီ ရာစုနှစ်များစွာကပင် ဂျူးလူမျိုး အများအပြားသည် တစ်ပါးအမျိုးသားတို့နေရာတွင် ပြန့်ကျဲနေခဲ့ကြပြီး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဖြစ်သည်။ ထိုလောကအတွင်း ဓမ္မဟောင်း ယုံကြည်ခြင်းနှင့်အညီ သူတို့အသက်ရှင်ခဲ့စဉ် ဂျူးဘာသာနှင့် တစ်ပါးအမျိုးသားလောကအကြား ကွာဟမှုကို ပေါင်းကူးနိုင်ဖို့ ဂျူးသာသနာပြုများနှင့် ဂျူးဘာသာသို့ ပြောင်းလဲဝင်ရောက်လာသူတို့မှ ကြိုးစားအားထုတ်ခဲ့သည်များ ရှိခဲ့သည်။

တစ်ပါးအမျိုးသားများသို့ အဆိုပါ ဂျူးများက ကြားပြောခဲ့ကြပြီးသည့်အတိုင်း နောက်ပိုင်း ခရစ်ယာန်များ လိုက်ခဲ့ကြသည့် လမ်းကြောင်းနှစ်ခုကို သူတို့ဖော်ဆောင်ခဲ့သည်။ အခြားတစ်ဖက်တွင်လည်း ဂျူးများစွာသည် သူတို့၏ ယုံကြည်ခြင်းကို ဟေလလသမှု ပြုလိုက်ကြသဖြင့် ဘာသာပေါင်းစုံ ယုံကြည်မှု ဝါဒအတွင်းသို့ လျောကျသွားကြသည်။ စစ်မှန်သော ဓမ္မဟောင်း ယုံကြည်ခြင်းကို သာသနာပ အယူနှင့် ဓလေ့တို့ဖြင့် မသင့်မလျော် ပေါင်းစပ်လိုက်ကြသည်။ အဆိုပါ ဘာသာပေါင်းစုံ ယုံကြည်မှု အယူဝါဒအတွက် အထင်ရှားဆုံးသာဓကကို ဘီစီ ၃၀ မှ အေဒီ ၅၀ ထိ နေခဲ့သော အလက်ဇန္ဒြီးယားမြို့သား ဖိုင်လို ၏ ကျမ်းများထဲတွင် တွေ့ရသည်။ မောရှေကျမ်းများကို အရှိအတိုင်း မယူဘဲ နက်နဲဆန်းပြားသည့် အဓိပ္ပာယ်များ ထုတ်ယူခြင်း၊ ထိုသို့အားဖြင့် သူ့ ဂျူးလူမျိုးတို့၏ ယုံကြည်ခြင်းသည် ဟေလလသတို့၏ ဂန္ထဝင် ဒဿနိကအတွေးအခေါ်နှင့် သဟဇာတ ဖြစ်သောကြောင့် လေးစားခံရကြောင်း အကြောင်းပြချက်ပေးခြင်းတို့ဖြင့် ဓမ္မဟောင်း ယုံကြည်ခြင်းနှင့် အသိဉာဏ်ကို ရှေ့တန်းတင်သည့် တစ်ပါးအမျိုးသားတို့၏ ယဉ်ကျေးမှု အကြား မတူကွဲပြားမှုများ သေးငယ်သွားအောင် ဖိုင်လိုက ရှာကြံခဲ့သည်။

သို့သော် တစ်ချိန်တည်းမှာပင် အဆိုပါရာစုနှစ်များအတွင်းက ဂျူးများစွာတို့သည် သူတို့၏ သမ္မာကျမ်းယုံကြည်ခြင်းကို ဆိုးဆိုးရွားရွား အပေးအယူမလုပ်ဘဲ ဟေလလသ ယဉ်ကျေးမှုနောက်ခံအတွင်း လျောက်ပတ်စွာ အစေခံနိုင်မည့် နည်းလမ်းများ ရှာတွေ့ခဲ့ကြသည်။ ယင်းကဲ့သို့သော သာသနာအတွက် ထင်ရှားသော သာဓက တစ်ခုမှာ ဓမ္မဟောင်းကျမ်းကို ဂရိဟေလလသလို ပြန်ဆိုထားသည့် ဆက်ကျူအေးဂျင့် ကျမ်းဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မြေထဲပင်လယ်ဒေသတလွှား တရားဇရပ်များ၌ ဂရိမူ ဓမ္မဟောင်းကျမ်းတို့ကို အနက်ပြန်ကြခြင်းဖြင့် ဟေဗြဲစကားနားမလည်နိုင်ကြသည့် ဂျူးနှင့် တစ်ပါးအမျိုးသားတို့ သမ္မာ ကျမ်းစာကို လေ့လာနိုင်ကြမည် ဖြစ်သည်။

အသင်းတော် ဖခင်များခေတ်ကာလအတွင်းက ခရစ်ယာန် ဓမ္မပညာရှင်တို့သည်လည်း အဆိုပါ ဦးတည်ချက် နှစ်ခုဆီသို့ ဝင်သွားခဲ့ကြသည်။ တစ်ဖက်တွင် အသင်းတော် ခေါင်းဆောင်များစွာသည် ခရစ်ယန် ဝါဒပေါင်းစုံ ယုံကြည်မှုထဲသို့ ကျသွားခဲ့ကြသည်။ အကြောင်းမှာ ဓမ္မသစ် ယုံကြည်ခြင်းကို ဟေလလသမှုပြုရန် ကြိုးစားရာတွင် လွန်လွန်ကဲကဲ ဖြစ်သွားသောကြောင့် ဖြစ်သည်။ စစ်မှန်သော ခရစ်ယာန်ယုံကြည်ခြင်းကို သာသနာပလူတို့၏ ယုံကြည်ခြင်းနှင့် ထုံးဓလေ့တို့ဖြင့် ရောစပ်လိုက်ကြသည်။ ဘာသာပေါင်းစုံ ယုံကြည်ခြင်းဝါဒ၏ ပုံစံအချို့သည် ဓမ္မသစ် အသင်းတော်အတွင်း ပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။ သို့သော် အသင်းတော် ဖခင်များကာလအတွင်း အီဘိုင်ယွန်နိုက်ဝါဒ (ခရစ်တော်၏ ဘုရားသဘာဝကို ငြင်းပယ်သည့်အယူ)၊ ဘာဆီးလီဒေးဝါဒ (ရုပ်ဝတ္ထုနှင့် ရုပ်ကမ္ဘာကြီးသည် ဆိုးညစ်သည်ဆိုသည့် အယူ) နှင့် နော့စတစ် ဝါဒ (ရုပ်သည် ဆိုးညစ်သည်၊ ကယ်တင်ခြင်းအတွက် တစ်ကိုယ်ရည် ဝိဉာဉ်အသိ လိုအပ်သည်၊ မိမိကိုယ်ကိုယ် ခြိုးခြံစွာ ကျင့်ရမည် စသည့်အယူ) ကဲ့သို့သော ထင်ရှားသည့် အယူလွဲဂိုဏ်းများစွာတို့ ခရစ်ယာန် လောကအတွင်း တိုးတက် ပေါ်ပေါက်လာခဲ့ကြသည်။ အခြားတစ်ဖက်တွင်လည်း စစ်မှန်သော ခရစ်ယာန်


ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဓမ္မပညာရှင်တို့က ဘာသာပေါင်းစုံ ယုံကြည်မှုဝါဒကို ဆန့်ကျင်နေလျက်ပင် သူတို့ဝန်းကျင်ရှိ ဟေလသ လောကအမြင်တို့နှင့် အပြန်အလှန် ဆက်ဆံလျက် သာသနာပလူတို့၏ လောကအတွင်း အစေခံရန် လျော့ကပ်ပတ်သော နည်းလမ်းများကို မည်သို့ပင်ဆိုစေ ရှာတွေ့ခဲ့ကြသည်။ အဆိုပါ စစ်မှန်သော ယုံကြည်သူများက လူမျိုးအပေါင်းထံရောက်ရှိရန် ခရစ်တော်၏ မဟာစေခိုင်းချက်ကြီးကို ထမ်းဆောင်ခဲ့သည့်အခါ သမ္မာကျမ်းမှန်ကန်မှုကို အပေးအယူမလုပ်ခဲ့ဘဲ သူတို့၏ ဓမ္မပညာအား သူတို့နှင့်ခေတ်ပြိုင် ဒဿနိကအတွေးအခေါ်နှင့် ဘာသာရေး ရှုမြင်ချက်များအရ ဖော်ပြခဲ့ကြသည်။

အဆိုပါ ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများကို ထည့်သွင်းစဉ်းစားလျက် အသင်းတော် ဖခင်များကာလ တစ်ပါးအမျိုးသား လောကအတွင်း အမှုတော်ဆိုင်ရာ စိမ်ခေါ်မှုများကို ဖြေရှင်းရန် စစ်မှန်သော ခရစ်ယာန်ဓမ္မပညာ ၌ ရှိခဲ့သည့် အပြောင်းအလဲအချို့ကို ကျွန်ုပ်တို့ လေ့လာကြပါစို့။ ဤခရစ်ယာန် ဓမ္မပညာ အဆင့်တွင် ပေါ်ပေါက်ခဲ့သည့် ယေဘုယျ ဓမ္မပညာဆိုင်ရာ အလားအလာများမှာ အဘယ်နည်း။

## ဓမ္မပညာဆိုင်ရာ ပြောင်းလဲမှုများ

အသင်းတော်ဖခင်များကာလအတွင်း မြေထဲပင်လယ်ဒေသ၌ လွှမ်းမိုးနေသော ဒဿနိကအတွေးအခေါ်နှင့် ဘာသာရေး သဘောတရားမှာ ပလေတိုသစ်ဝါဒ ဟု အများသိကြသည့် ရှုထောင့်အမြင်ဖြစ်သည်။ "ပလေတိုသစ်ဝါဒ" ဆိုသည့် ဝေါဟာရသည် စုံလင်များပြားလှသည့် ရှုထောင့်အမြင်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံစဉ်းစားသော ဘာသာရေး ဒဿနိက အတွေးအခေါ်ကို ကိုယ်စားပြုသည်။ ၎င်းအား ပလေတိုသစ်ဝါဒဟု ခေါ်ဆိုကြခြင်းအကြောင်းမှာ ပလေတို၏ သွန်သင်ချက်များ၌ မြစ်ဖျားခံထား၍ ဖြစ်သည်။ သို့သော် ၎င်း၌ အေဒီ ၂၀၃ မှ ၂၇၉ ထိ နေခဲ့သော ပလိုတီးနပ်ကဲ့သို့သော အတွေးအခေါ်ရှင်များ၏ အယူအဆသစ်များလည်း အကျုံးဝင်သည်။

ဤအတွေးအခေါ်သည် ခက်ခဲရှုပ်ထွေးသော်လည်း အဓိကအချက်သုံးချက်ဖြင့် အရေးပါသော အာဘော်များကို အကျဉ်းချုပ်ပေးနိုင်သည်။ ၎င်းတို့မှာ ဒွိတ္တဝါဒ၊ ဆင့်ခြင်မှုအဓိကဝါဒ၊ ထူးခြားနက်နဲမှုဝါဒ တို့ဖြစ်ကြသည်။

ပထမအားဖြင့် ပလေတိုသစ်ဝါဒသည် ဒွိတ္တဝါဒ ဖြစ်သည်။ ဝိညာဉ်နှင့် ရုပ်လောက နှစ်ခုအကြား အခြေခံကျသည့် ဆန့်ကျင်မှု တစ်ခု ရှိနေသည်ဟု သွန်သင်သည်။ ပလေတိုသစ်၏ ဒွိတ္တဝါဒတွင် ဝိညာဉ်သက်သက်သည် ကောင်းမြတ်ပြီး ရုပ်သက်သက်သည် လုံးလုံးဆိုးညစ်သည်ဟု ခံယူသည်။ ဘုရားသခင်ကိုယ်တိုင်သည် ဝိညာဉ်လောက၊ ရုပ်လောကနှစ်ခုလုံးတို့၏ အထက်တွင် တည်နေသည်ဟု ခံယူသော်လည်း သူ၏ ကောင်းမြတ်ခြင်းအားဖြင့် ကိုယ်တော်၏ အသိဉာဏ်ပညာ၊ အလင်း၊ နုတ်ကပတ်တို့ကို ဝိညာဉ်လောကနှင့် ရုပ်လောကတို့ထဲ ဘုရားသခင် ဖြန့်ကျက်ပေးခဲ့သည်။ ဤမြင့်မြတ်သော စွမ်းအားသည် ဘုရားသခင့်ထံတော်မှ ထွက်ပေါ်လာခဲ့ပြီး အမှန်တရားရှိသမျှတို့၌ စီးဆင်းလျက် အစီအစဉ်နှင့် ပုံပန်းကျနမှု အဆင့်အတန်း အမျိုးမျိုးကို ဖြစ်ပေါ်စေပြီး ပထမအားဖြင့် ဝိညာဉ်လောကတွင် အစပြု၍ ထို့နောက်တွင် ရုပ်လောက အောက်အရပ်သို့ ဆင်းသက်ဝင်ရောက်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဤ ဒွိတ္တ အမြင်တွင် လူသားတို့ နေထိုင်ရမည့်ပုံစံများအတွက် သွယ်ဝိုက်ကောက်ချက်အချို့ ပါရှိနေသည်။ ရုပ်လောကကြီးထဲ လူတို့မွေးဖွားဝင်ရောက်လာကြပြီး ခန္ဓာအုပ်စိုးမှုအောက်မှာ အကျဉ်းပင်လျှင် ကျခံနေကြရသည်။ သို့သော် ပလေတိုသစ်ဝါဒက ရုပ်လောကနှင့် ကပ်ညိနေမှု မှန်သမျှကို ကင်းပစေခြင်းဖြင့် ဘုရားသခင်ကို ရှာဖွေရေးသည် လူ့ဘဝ၏ အမြင့်ဆုံးကောင်းကျိုး ဖြစ်ကြောင်း သွန်သင်သည်။

ဘုရားသခင်ကို ရှာဖွေရာ၌ ရုပ်လောကနှင့် အဆက်ဖြတ်ရေး ဤအယူအဆသည် ပလေတိုသစ် ဝါဒ၏ ဒုတိယအလေးပေးချက်ဖြစ်သော ဆင်ခြင်မှုအဓိက ဝါဒထံ ကျွန်ုပ်တို့ကို ရောက်လာစေသည်။

ရုပ်လောကအတွင်း သူတို့ ပိတ်လှောင်ခံနေရမှုအပေါ် ကျော်လွှားနိုင်ရန် လူတို့ကြိုးစားကြသည့်အခါ လူ့ဆင်ခြင်တုံတရား၊ ကျွန်ုပ်တို့ တစ်ဦးချင်းစီမှာ ရှိသည့် ဝိညာဉ်ရေးနှင့် အသိပညာပိုင်း စွမ်းရည်များအပေါ် စူးစိုက်ခြင်းဖြင့် သူတို့ အစပြုခဲ့ကြသည်။ ဂရုတစိုက် ဆင်ခြင်တွေးခေါ် ခြင်း၊ ပြန်လှန်သုံးသပ်ခြင်းများဖြင့် သူတို့အား ရစ်ပတ်ထားသော ဆိုးညစ်သည့် ရုပ်လောကကို လွန်မြောက်အောင် မိမိတို့ကိုယ်မိမိတို့ မြှင့်တင်ရာ၌ ကြီးကျယ်သည့် ခြေလှမ်းများ လှမ်းနိုင်ကြမည် ဖြစ်သည်။

ဆင်ခြင်တုံတရားနှင့် ပြန်လှန်သုံးသပ်မှုတို့ အရေးပါလှသော်လည်း ၎င်းသည် စစ်မှန်သော သူတော်ကောင်းတစ်ဦးအတွက် အစသာဖြစ်သေးသည်။ ပလေတိုသစ်ဝါဒသည် လူတို့အား ၎င်းတို့၏ ဆင်ခြင်တုံတရားကို ကျော်လွန်ပြီး ထူးခြားနက်နဲမှုဝါဒထဲသို့လည်း ခေါ်သွင်းသည်။ ရုပ်လောကနှင့် လုံးလုံးအဆက်ဖြတ်ပြီး ဘုရားနှင့် အပြည့်အဝ ပေါင်းစည်းရန်အတွက် လူတို့သည် သူတို့၏ ကိုယ်ပိုင် အသိဉာဏ်စွမ်းများ၏ တဖက်မှာရှိသည့် ဘုရားသခင် ကိုယ်တော်တိုင်၏ မြင့်ရာအရပ်သို့ ရောက်အောင် သွားကြရမည် ဖြစ်သည်။

ဘုရားသခင်သည် အရာရာအထက်၌ ရှိ၍ လူသားတို့၏ ဆင်ခြင်တုံတရားဖြင့် မသိနိုင်လောက်အောင် ဝေးကွာလွန်းသည်ဟု ပလေတိုသစ် ဝါဒက ယုံကြည်သဖြင့် လူ့ ဆင်ခြင်တွေးခေါ်မှုသက်သက်ထက် များစွာကျော်လွန်သော ထူးခြားနက်နဲသည့် ဗျာဒိတ်ဖွင့်ပြချက်မျိုး ရရှိမှသာလျှင် အဆုံး၌ ဘုရားသခင်နှင့် လူတို့ ပေါင်းစည်းနိုင်မည်ဖြစ်သည်။ ဤဝိညာဉ်ရေး စိတ်ဘဝင်ဖြစ်မှုသည် ဘုရားသခင့် အလင်းတော်နှင့် ဖန်ဆင်းခြင်းတလျှောက် ထွက်ပေါ်နေသည့် နှုတ်ကပတ်တော်တို့၏ တိုက်တွန်းလှုံ့ဆော်မှုဖြင့်သာ ရောက်ရှိလာနိုင်သည်။ ထို့ပြင် ၎င်းသည် ဘုရားနှင့်လုံးလုံးပေါင်းစည်းမှု၊ အမြင့်ဆုံးသော ပျော်ရွှင်မှု၊ လူကြမ္မာ၏ ခမ်းနားကြီးကျယ်သော စုံလင်ပြည့်ဝမှုတို့ကို ရရှိစေသည်။

အဆိုပါ ဒဿနိကနှင့် ဘာသာရေးဆိုင်ရာ အယူအဆများသည် အသင်းတော် ဖခင်များကာလ မြေထဲပင်လယ်ဒေသတလျှောက် အလွန်ပင် ပြည့်နှက် ပျံ့ပွားနေရကား ယင်းတို့နှင့် အပြန်အလှန် ဆက်ဆံရခြင်းကို သစ္စာရှိသော ခရစ်ယာန်တို့ မလွဲမရှောင်နိုင်ခဲ့ကြပေ။ အမှန်စင်စစ် သူတို့၏ ဓမ္မပညာဆိုင်ရာဆွေးနွေးချက် အများစုသည် ပလေတိုသစ် ဝါဒ ယုံကြည်ချက် မူဘောင်ထဲမှာ ရှိနေခဲ့ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အဆိုပါ အားထုတ်မှုများစွာတို့သည်လည်း အတော်ပင် ခိုင်လုံခဲ့သည်။ သာဓကအားဖြင့် ကနဦးအသင်းတော်ကာလ ကွန်စတန်တီနိုပယ်လ် နှင့် ချယ်လ်ဆီဒွန် တို့လို ကြီးကျယ်သော အသင်းတော်ပေါင်းစုံ ဘာသာရေးကောင်စီများသည် ပလေတိုသစ် ရှုထောင့်အမြင်များအရ သမ္မာကျမ်း ယုံကြည်ချက်များကို ဖော်ပြခဲ့ကြသည်။ အလက်ဇန္ဒြီးယား မြို့သား ကလေမင်၊ အော်ရီဂျင်သာမက ဩဂတ်စတင်းတို့လို ထင်ရှားသည့် ခေါင်းဆောင်ပိုင်း ဓမ္မပညာရှင်များပင်လျှင် ပလေတိုသစ် ဝါဒီများ အကျွမ်းတဝင်ရှိကြသည့် ဝေါဟာရများအရ မိမိတို့ကိုယ် မိမိတို့ ဖော်ပြခဲ့ကြသည်။

အသင်းတော် ဖခင်များကာလ သစ္စာရှိသော ခရစ်ယာန် ဓမ္မပညာရှင်များသည် စစ်မှန်သော သတင်းကောင်းအပေါ် သူတို့၏ အခြေခံကျသော ဝန်ခံအပ်နှံချက်များ၌ ပလေတိုသစ်ဝါဒကို အစားထိုးရန် အာရုံမစိုက်ခဲ့ကြပါ။ သမ္မာကျမ်း မှန်ကန်မှုကိုသာ အခိုင်အမာဆုပ်ကိုင်ထားခဲ့ကြသည်။ သို့သော် ပလေတိုသစ် ဝါဒအကြောင်း သူတို့သိနားလည်မှုက သူတို့အပါအဝင် ခေတ်ပြိုင်လူထု နားလည်သည့် ပုံစံများဖြင့် သမ္မာကျမ်းစာကို ရှင်းပြလွယ်စေခဲ့သည်။ အဆိုပါပုံစံများအတိုင်း သူတို့၏ ယဉ်ကျေးမှုများနှင့် အပြန်အလှန် ဆက်သွယ်ခြင်းအားဖြင့် သတင်းကောင်းကို သူတို့ တိုးချဲ့ခဲ့ကြသည်။ အသင်းတော်ကို တည်ဆောက်ခဲ့ကြသည်။ သာသနာပလူ များစွာကို ခရစ်တော်ထံ သိက္ခမ်းခြင်းသို့ ပို့ဆောင်နိုင်ခဲ့ကြသည်။

အသင်းတော် ဖခင်များ၏ ဓမ္မပညာအပေါ် ပလေတိုသစ်ဝါဒ၏ ဩဇာလွှမ်းပုံကို အကျဉ်းချုပ်ဖော်ပြနိုင်သည့် နည်းလမ်းများစွာ ရှိပါသည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ထောက်၍ ပလေတိုသစ် ဝါဒ အနှစ်ချုပ်နှင့် အလားတူသည့် အသင်းတော် ဖခင်တို့၏ ဓမ္မပညာလက္ခဏာ သုံးရပ်ကိုသာ ပြည့်ွန်ပါမည်။ ပထမဦးစွာ ပလေတိုသစ်ဝါဒ လွှမ်းမိုးခံရသည့် အသင်းတော် ဖခင်များ ဓမ္မပညာ၏ ဦးစားပေးချက်များကို စဉ်းစားကြပါစို့။

**ဦးစားပေးချက်များ** ပလေတိုသစ် ဝါဒ၏ လက္ခဏာတစ်ခုမှာ ဝိညာဉ်လောကနှင့် ရုပ်လောကအကြား ခွဲခြားရှုမြင်သည့် ဒွိတ္တ အမြင် ဖြစ်ကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ လောကီရေးထက် ဝိညာဉ်ရေးကို ဦးစားပေးသည့်ပုံစံနှင့် သမ္မာကျမ်းသွန်သင်ချက်များကို ဖွဲ့စည်း၊ တင်ပြခြင်းဖြင့် ဤဒွိတ္တအမြင်ကို အသင်းတော် ဖခင်များဓမ္မပညာက တုန့်ပြန်ခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့အခေါ် "အထက်အရပ် မှ ဓမ္မပညာ" ဟုခေါ်သည့် ဓမ္မပညာလေ့လာနည်းတစ်ခု ဖြစ်သည်။ — စကားအားဖြင့် ဆိုရလျှင် အထက်အရပ်မှ ဓမ္မပညာသည် အောက်အရပ် မြေကြီးနှင့် ဆိုင်သော အမှုကိစ္စများအပေါ် ဆင်ခြင်စွဲလမ်းခြင်းထက် ပိုမိုမြင့်မားသော ဝိညာဉ်ရေးအမှုကိစ္စများအပေါ် ဆင်ခြင်စွဲလမ်းခြင်း (ဝါ) ဘုရားသခင်နှင့် ကိုယ်တော်၏ အလေ့အလာများအပေါ် ဆင်ခြင်စွဲလမ်းခြင်းကို ပထမဦးစားပေးသော ဓမ္မပညာဖြစ်သည်။ "ဘုရားသခင့် အနှစ်သာရသည် အဘယ်နည်း" "ကိုယ်တော်၏ ဂုဏ်အင်္ဂါရပ်များမှာ အဘယ်နည်း" "ဘုရားသခင်၏ တစ်လုံးတစ်ဝ ဖြစ်မှု ဆိုသည်မှာ အဘယ်နည်း" "သုံးပါးတစ်လုံးတစ်ဝဖြစ်ခြင်းဆိုသည်မှာ အဘယ်နည်း" အဆိုပါ အလေးဂရုပြုချက်တို့သည် ရုပ်လောကကမ္ဘာအတွင်း လူသားတို့၏ ဘဝ အခြေအနေအပေါ် ဆင်ခြင်တွေးခေါ်မှုများထက် အသင်းတော် ဖခင်များ၏ ဓမ္မပညာထဲမှာ ပိုမိုထူးခြားပေါ်လွင်နေကြသည်။ အဆိုပါ ဦးစားပေးမှုတို့သည် အသင်းတော် ဖခင်များ ဓမ္မပညာ၏ ဝိသေသလက္ခဏာတစ်ခုပင် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဒုတိယအားဖြင့် ကြောင်းကျိုးသင့်သော ဆင်ခြင်စဉ်းစားမှုအား ဓမ္မပညာ၏ အခြေခံကျသည့် တန်ဆာပလာတစ်ခုအဖြစ် စူးစိုက်ရင်း ဓမ္မပညာ၌ ကြောင်းကျိုးဆင်ခြင်မှု အရေးကြီးကြောင်း မြင့်မြင့်မားမား အသိအမှတ်ပြုထားချက်ကို ခရစ်ယာန် ဓမ္မပညာရှင်တို့ ရခဲ့ကြသည်။

**ကြောင်းကျိုး ဆင်ခြင်မှု** တွေ့ခဲ့ကြပြီးသလိုပင် ပလေတိုသစ်ဝါဒအတွင်း အရေးပါသည့် စံနှုန်းသတ်မှတ်ချက် တစ်ခုမှာ ရုပ်လောကကို လွန်မြောက်တက်ကြွနိုင်ရေးအတွက် လူ့ဆင်ခြင်တုံတရားကို အသုံးချရန် လူတို့မှာ တာဝန်ရှိသည် ဆိုသည့် ယုံကြည်ချက် ဖြစ်သည်။ လူ့အသိဉာဏ်အပေါ် အလေးပေးသော ပလေတိုသစ်ဝါဒကို တုန့်ပြန်ရာတွင် ကနဦးအသင်းတော် ဖခင်တို့သည်လည်း ခရစ်ယာန် ဓမ္မပညာအတွင်း အသိဉာဏ်ပညာပိုင်း ဆင်ခြင်နှလုံးသွင်းမှုအပေါ် စတင်အလေးပေးလာခဲ့ကြသည်။ ဦးဆောင် ခရစ်ယာန် ဓမ္မပညာရှင်တို့သည် ခရစ်ယာန် ယုံကြည်ချက်များအား ဆင်ခြင်တုံတရားဖြင့် ကြောင်းကျိုးသင့်စွာ ဂရုစိုက်ရှင်းပြချက်များအပေါ် ယခင်ကထက်ပိုမို၍ စူးစိုက်လာခဲ့ကြသည်။ ထိုသို့အားဖြင့် ဓမ္မသစ်ကျမ်းထဲ အတိအကျ မဖော်ပြ၊ မဖော်ထုတ်ဘဲ ထားခဲ့သည့် သွန်သင်ချက်များစွာသည် လူ့အသိဉာဏ်ဖြင့် ဆင်ခြင် သုံးသပ်ဖော်ပြရာ အကြောင်းအရာများ ဖြစ်လာကြသည်။

ဥပမာအားဖြင့် ဓမ္မသစ်ဓမ္မပညာသည် သုံးပါးတစ်ဆူကဲ့သို့သော သြဝါဒများကို ယေဘုယျအားဖြင့် မရှင်းပြဘဲ ထားသည်။ ဓမ္မသစ်ကျမ်းရေးသူတို့သည် သုံးပါးတစ်ဆူအတွင်းရှိ ပုဂ္ဂိုလ် သုံးပါးအကြားဆက်နွယ်မှုအကြောင်း အသေးစိတ် ရှင်းမပြခဲ့ကြပေ။ ဓမ္မသစ်ကျမ်းရေးသူတို့က သူတို့၏ ခံယူချက်အမြင်များကို ရှင်းလင်းပြတ်သားစွာ မဖော်ပြခဲ့သော်ငြားလည်း အသင်းတော် ဖခင်များ ကာလ ဓမ္မပညာရှင်တို့က သုံးပါးတစ်ဆူကို ဓမ္မသစ်စာရေးသူတို့ ယုံကြည်ခဲ့ကြကြောင်း ရှင်းပြရန် ကြောင်းကျိုးသင့်သော ဆန်းစစ်မှုများ ပြုခဲ့ကြသည်။

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း မှားယွင်းသော သြဝါဒများကို တုန့်ပြန်ရာ၌ ကနဦးအသင်းတော် ဖခင်များသည် ဓမ္မသစ်က မဆွေးနွေးဘဲ ချန်လှပ်ထားခဲ့သည့် အသေးစိတ် အကြောင်းအရာများကို ကြောင်းကျိုးသင့်သော ဆင်ခြင်မှုများအားဖြင့် ယင်းတို့ တတ်နိုင်သမျှ လုပ်ဆောင်ရင်း ပုဂ္ဂိုလ်သုံးပါးကြား မတူညီမှုများကို ဂရုစိုက်ဖော်ပြနိုင်ရန် ရည်စူးခဲ့ကြသည်။ ဤနည်းအားဖြင့် ဆင်ခြင်မှုကို ဓမ္မပညာမှာ အသုံးချခြင်းသည် ပလေတိုသစ်ဝါဒီတို့၏ လောကအတွင်း အစေခံရသည့် ဓမ္မပညာရှင်တို့အတွက် အရေးပါသော စံနှုန်းတစ်ခု ဖြစ်လာခဲ့သည်။

တတိယအားဖြင့် အသင်းတော် ဖခင်များ ဓမ္မပညာသည် ထူးခြားနက်နဲသည့် ယုံကြည်ခြင်းမျိုးအပေါ် ပလေတိုသစ် ဝါဒ၏ အလေးထားမှုကို တုန့်ပြန်သည့်အနေဖြင့် ထူးခြားနက်နဲသည့် ယုံကြည်မှု (ဝါ) ထူးကဲသာလွန်လှသည့် ဝိညာဉ်အလင်းရရှိမှုပေါ် စူးစိုက်ခဲ့သည်။

**ထူးခြားနက်နဲမှုယုံကြည်ခြင်းဝါဒ** တွေ့ခဲ့ပြီးဖြစ်သလို လူ့စိတ်နှလုံးကို အာရုံပြုခြင်းဖြင့် ဂရုပြု ဆင်ခြင်သုံးသပ်ခြင်းသည် ပလေတိုသစ်ဝါဒအရ ဘုရားသခင်နှင့် ပေါင်းစည်းခြင်းဆိုင်ရာ ပိုမိုမြင့်မားပြီး ထူးခြားနက်နဲသည့် ရေချိန်များသို့ တက်လှမ်းရာ လှေကားထစ် တစ်ခုသာ ဖြစ်သည်။ ဆင်ခြင်တုံတရားသည် အကန့်အသတ်ရှိပြီး ပိုမြင့်မားသော ဝိညာဉ်ရေးပကတိတရားများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

မကိုင်မိစေနိုင်ပေ။ ထို့ပြင် အဆိုပါ ပိုမြင့်မားသော ရေချိန်များသို့ ရောက်ရှိရန်အတွက် သီးသန့်အလင်းပေးချက် လိုအပ်သည်။

ထိုနည်းတူစွာပင် အသင်းတော် ဖခင်များက သုံးပါးတစ်ဆူလို၊ ခရစ်တော်၏ ဘုရားသဘာဝ၊ လူ့သဘာဝများလို၊ သို့မဟုတ် အသင်းတော်နှင့် မင်္ဂလာတရားများလို သြဝါဒသွန်သင်ချက်များအား ရှင်းပြသည့်အခါ အဆိုပါ သြဝါဒများအကြောင်း အခြေခံအချက် အချို့သည် လူ့ဆင်ခြင်နိုင်မှုကို ကျော်လွန်နေကြောင်း အမြဲတန်း ဝန်ခံတတ်ကြသည်။ ပိုမိုမြင့်မားသည့် ခရစ်ယာန် ယုံကြည်ခြင်း အမှန်တရားတို့အား ဆင်ခြင်မှုသက်သက်နှင့် ရှင်းမပြနိုင်၊ မကာကွယ်နိုင်ဆိုသည့် ဝန်ခံမှုများသည် သူတို့၏ ဆင်ခြင်ဆွေးနွေးချက်များ၌ မကြာခဏ ပါရှိနေလေ့ရှိသည်။ ထိုအစား ထူးခြားနက်နဲသော အလင်းပေးမှု၊ လူ့ဉာဏ်ဖြင့်မမီနိုင်သော သဘာဝလွန် အတွေ့အကြုံများ စသည်တို့အားဖြင့်သာလျှင် ယင်းတို့ကို နားလည်သဘောပေါက်နိုင်သည်။ အသင်းတော် ဖခင်များ ဓမ္မပညာသည် ဘုရားသခင့် ဗျာဒိတ်ဖွင့်ပြချက်အရ အစေခံရာ၌ ကြောင်းကျိုးပြမှုကို အသုံးပြုသည်။ သို့သော် ကြောင်းကျိုးသင့်သော အထောက်အထားထက် ဝိညာဉ်ရေး ဗီဇအသိအပေါ် ပိုမိုကျယ်ပြန့်စွာ မှီခိုသည်။

ထို့ကြောင့် အသင်းတော် ဖခင်များကာလ ဓမ္မပညာရှင်တို့သည် ယင်းတို့၏ တစ်ပါးအမျိုးသားလောကအတွင်း ခရစ်ယာန် ဓမ္မပညာ သွန်သင်ခြင်း၊ လေ့လာဖော်ထုတ်ခြင်း၊ ခုခံကာကွယ်ခြင်း ဆိုင်ရာ စိမ်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသဖြင့် သူတို့၏ နည်းဗျူဟာများနှင့် အလေးပေးချက်များသည်လည်း အရွေ့အပြောင်း ရှိလာခဲ့ရသည်။ ရှပ်ပိုင်းထက် ဝိညာဉ်ပိုင်း (ဝါ) အထက်အရပ်မှ ဓမ္မပညာအပေါ် ဦးစားပေးမှုသို့ ဦးတည်သော အဆိုပါ အရွေ့အပြောင်းများ၊ ဆင်ခြင်မှုအရ ဆန်းစစ်မှုကို အသုံးပြုခြင်းနှင့် ထူးခြားနက်နဲမှုအပေါ် မှီခိုအားပြုခြင်းတို့သည် ယနေ့ ကျွန်ုပ်တို့က စနစ်ကျဓမ္မပညာဟု ခေါ်ဆိုသည့် အရာဆီသို့ အဆုံးသတ် ဦးဆောင်သွားမည့် အသင်းတော်အတွက် လမ်းဖော်ပေးခဲ့သည်။

ယခုတွင် အသင်းတော် ဖခင်များကာလအတွင်း ဟေလလသ ယဉ်ကျေးမှုထံ ခရစ်ယာန် ဓမ္မပညာကို ဓမ္မပညာရှင်တို့ မည်သို့ အစပြုရှင်းပြခဲ့ကြကြောင်း တွေ့ပြီးဖြစ်၍ လူ့ဆင်ခြင်တုံတရားနှင့် ကြောင်းကျိုးဆက်နွယ်မှုဆိုင်ရာ ဟေလလသအမြင်တို့ကို ခရစ်ယာန် ဓမ္မပညာ၌ ခရစ်ယာန်တို့ ပိုမိုအစဉ်တစိုက် အသုံးချခဲ့ရာ အလယ်ခေတ် ဓမ္မပညာကို လေ့လာကြပါစို့။ အကြမ်းဖျင်း အေဒီ ၆၀၀ မှ ၁၅၀၀ အတွင်းဖြစ်ပေါ်တိုးတက်ခဲ့သည့် "အလယ်ခေတ်ကျောင်းတော် အတွေးအခေါ်" ဟု ခေါ်ဆိုကြသည့် ဓမ္မပညာ လှုပ်ရှားမှုတစ်ခုအပေါ် အာရုံစိုက်ကြပါမည်။

## အလယ်ခေတ် ဓမ္မပညာ

အလယ်ခေတ်ကျောင်းတော်အတွေးအခေါ်ကို ကျွန်ုပ်တို့၏ လေ့လာဖော်ထုတ်ချက်သည် အသင်းတော် ဖခင်များ၏ ဓမ္မပညာကို ကျွန်ုပ်တို့ လေ့လာပုံနှင့် တူညီပါလိမ့်မည်။ တစ်ဖက်တွင် အလယ်ခေတ်ကျောင်းတော် အတွေးအခေါ်ကို ဖြစ်ပေါ်စေသည့် ယဉ်ကျေးမှု အပြောင်းအလဲများကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ အခြားတစ်ဖက်တွင်လည်း ထွက်ပေါ်လာသော ဓမ္မပညာဆိုင်ရာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အကျိုးရလာဒ်အချို့ကို လေ့လာဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် အဆိုပါ ရာစုနှစ်များအတွင်း ဖြစ်ပျက်ခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ အရွေ့အပြောင်းများအကြောင်း ဦးစွာ ကြည့်ကြပါစို့။

## ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုများ

အစပထမအားဖြင့် "အလယ်ခေတ် ကျောင်းတော် အတွေးအခေါ်" သည် အလယ်ခေတ်ဦးကာလ ဥရောပရှိ အဆင့်မြင့်ပညာသင်ကြားရာ ကျောင်းများမှ ဆင်းသက်လာသည့် ဝေါဟာရ ဖြစ်ကြောင်း ပြည့်ဝန်ရပါမည်။ အဆိုပါကျောင်းများ၌ ယနေ့ခေတ် "လော့ဂျစ်" (ယုတ္တိဗေဒ) ဟု ခေါ်သည့် ဒိုင်ယာလက်တစ် ဘာသာရပ် သင်ကြားသောဆရာများကို လက်တင်လို *စကောလပ်စ်တီးကပ်စ် ဟု* ခေါ်ဆိုကြသည်။ ယေဘုယျအားဖြင့် အဆိုပါ ပို့ချသူတို့သည် အရစ္စတိုတယ်၏ ယုတ္တိဗေဒကို သင်ပေးကြသည်။ အကျိုးဆက်အားဖြင့် အရစ္စတိုတယ်၏ ဒဿနပါ ယုတ္တိဗေဒစည်းမျဉ်းများအပေါ် အကြီးအကျယ် မှီခိုထားသည့် အတွေးအခေါ်နှင့် ဓမ္မပညာနယ်ပယ်တို့တွင် "စကောလတ်စ်တစ်" ဆိုသည့် ဝေါဟာရအား အသုံးပြုလာခဲ့ကြသည်။

အလယ်ခေတ်ကျောင်းတော် ဒဿနသည် အလယ်ခေတ်ကာလတွင် ဖြစ်ပေါ် ခဲ့သည့် အရေးအပါဆုံး ယဉ်ကျေးမှု အရွေ့အပြောင်းတစ်ခုကြောင့် ပေါ်ပေါက်လာခဲ့သည်။ မြေထဲပင်လယ်လောကရှိ ပညာတတ် လူ့အဖွဲ့အစည်းတို့က ပလေတိုသစ် ဝါဒကို ကျောခိုင်းပြီး အရစ္စတိုတယ်လ်၏ ဒဿနဆီ မျက်နှာမူလာချိန်တွင် ဤအရွေ့အပြောင်း ဖြစ်ပျက်ခဲ့သည်။ ဤအရွေ့အပြောင်းကြောင့် ဦးဆောင်သူ ခရစ်ယာန်များအနေဖြင့် အရစ္စတိုတယ် တွေးခေါ်သူများထံ ခရစ်ယာန်သြဝါဒများကို ရှင်းလင်း၊ ခုခံကာကွယ်သည့် နည်းဟန်များအား လိုက်လျောညီထွေပေးရန် လိုအပ်လာခဲ့သည်။

ဟုတ်ပါသည်။ အလယ်ခေတ်ကျောင်းတော် အတွေးအခေါ်ဆီ ဤရွေ့ပြောင်းမှုသည် နှစ်ပေါင်း ရာချီသည့်ကာလအတွင်း ဖြစ်ပေါ် ခဲ့သည်။ ထို့ပြင် ဆန့်ကျင်မှုများစွာလည်း ရှိခဲ့သည်။ အထူးသဖြင့် ထူးခြားနက်နဲမှုကို ရှေ့တန်းတင်သော ခရစ်ယာန်များထံမှ ဖြစ်သည်။ သို့သော် အေဒီ ၁၂၀၆ မှ ၁၂၈၀ ထိ အသက်ရှင်ခဲ့သော "ကြီးမြတ်သော အဲလ်ဘတ်" ဟု ခေါ် ကြသည့် အဲလ်ဘတ်တပ်စ် မဂ္ဂနပ်စ်နှင့် အေဒီ ၁၂၂၅ မှ ၁၂၇၄ ထိ အသက်ရှင်ခဲ့သော၊ သူ့နာမည်ကျော် တပည့်တော် သောမတ်စ် အကွိုင်းနပ်စ်တို့ လက်ထက် ရောက်လာသည့်အခါ ကျောင်းတော် အတွေးအခေါ်သည် ခရစ်ယာန် ဓမ္မပညာ၏ လွှမ်းမိုးအားကောင်းသော ပုံစံအတွက် ကိုယ်စားပြုချက်ဖြစ်လာခဲ့သည်။ ပြုပြင်ပြောင်းလဲရေးကာလ မရောက်မီအချိန်ကလေးထိ အဓိက ခရစ်ယာန် ဓမ္မပညာရေစီးကြောင်းသည် အရစ္စတိုတယ်၏ ဒဿနိက ရှုထောင့်များနှင့် နက်ရှိုင်းစွာ သဟဇာတဖြစ်နေကြသည်။

ယခုတွင် အလယ်ခေတ်ကျောင်းတော်အတွေးအခေါ်ကို ဖြစ်ပေါ်စေသည့် ယဉ်ကျေးမှု ဆိုင်ရာ ပြောင်းလဲမှုများ အချို့ကို လေ့လာပြီးဖြစ်၍ ၎င်း၏ အခြေခံလက္ခဏာအချို့ကို ကြည့်ကြပါစို့။ ခရစ်ယာန် ဓမ္မပညာကို အဓိကလေ့လာရာနည်းလမ်းအဖြစ် အလယ်ခေတ်ကျောင်းတော် အတွေးအခေါ်ကို မည်သည့်အရာက သတ်မှတ်ပေးပါသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## ဓမ္မပညာဆိုင်ရာ ပြောင်းလဲမှုများ

အသင်းတော် ဖခင်များ ဓမ္မပညာနှင့် အလယ်ခေတ်ကျောင်းတော် ဓမ္မပညာတို့အကြား ဆင်တူမှုများစွာ ရှိသော်ငြား အရေးပါသည့်ကွဲလွဲမှု အနည်းဆုံး တစ်ခု ရှိနေသည်။ ခြုံ၍ဆိုရလျှင် အကြီးကျယ်ဆုံး ဓမ္မပညာဆိုင်ရာ ထိုးထွင်းအမြင်တို့သည် ထူးခြားနက်နဲသော မှုတ်သွင်းခြင်းအားဖြင့် ရောက်လာသည်ဆိုသည့်အချက်အား အသင်းတော်ဖခင်များ ဓမ္မပညာက ဆက်လက်ခံယူခဲ့သည်။ သို့သော် အလယ်ခေတ် ကျောင်းတော်အတွေးအခေါ်သည် ဆင်ခြင်တွေးခေါ်မှုအပေါ် အလွန်အမင်း အထူးပြုရကား ဓမ္မပညာရှိသမျှကို လေ့လာဖော်ထုတ်ခြင်း၊ ရှင်းပြခြင်း၊ ခုခံကာကွယ်ခြင်းများပြုရာ၌ ယုတ္တိဗေဒ၏ အရေးပါမှု အပေါ်မှာ အလေးထားသည်။ ရုပ်လောက၊ ဝိညာဉ်လောကနှင့် ဘုရားသခင် ကိုယ်တော်တိုင်ကိုပင်လျှင် လက်တွေ့အသုံးချ ယုတ္တိဗေဒဖြင့်ဂရုပြု ဆန်းစစ်ရန် ဖြစ်လာသည်။

သင်ကြားပို့ချသောဆရာတို့သည် ယုတ္တိဗေဒ၊ ရူပဗေဒ၊ ရုပ်နယ်လွန်ဗေဒဆိုင်ရာ အရစ္စတိုတယ်ကျမ်းများကို ကောင်းစွာလေ့ကျက်ထားသူများ ဖြစ်ကြပြီး ခရစ်ယာန် ဓမ္မပညာတင်ပြချက်ကို ဤဆင်ခြင်တွေးခေါ်မှုဆိုင်ရာ လောကီအမြင်နှင့် လိုက်လျောညီထွေအောင် ရှာကြံလာကြသည်။ ဤအကြောင်းကြောင့်ပင် အလယ်ခေတ် ကျောင်းတော် ဓမ္မပညာကို နားလည်ရန် ယုတ္တိဗေဒနှင့် စပ်လျဉ်းသော အရစ္စတိုတယ်၏ အမြင်တို့ကို ကျွန်ုပ်တို့ အနည်းအကျဉ်း သိနားလည်ရန် လိုအပ်သည်။

ကျောင်းတော်ဓမ္မပညာအပေါ် လွှမ်းမိုးနေသော ယုတ္တိဗေဒဆိုင်ရာ အရစ္စတိုတယ်အမြင်ရှုထောင့် လေးခုကိုသာ ဖော်ပြရန် ကျွန်ုပ်တို့မှာ အချိန်ရှိပါသည်။ ပထမမှာ တိကျသော ဝေါဟာရ အသုံးအနှုန်းများ၏ အရေးပါပုံ ဖြစ်သည်။ ဒုတိယမှာ အဆိုပြုရာရောက်သော ဆင်ခြင်တွေးခေါ်မှု လိုအပ်ပုံ ဖြစ်သည်။ တတိယမှာ ယုတ္တိရှိ၊ ကြောင်းကျိုးသင့်သော တြိယုတ္တိဆင်ခြေ (အဓိက အဆို၊ သာမည အဆို၊ ကောက်ချက်) များနှင့် စတုတ္ထမှာ ဆင်ခြင်တွေးခေါ် ဆန်းစစ်မှု၏ ဦးစားပေးချက်များ ဖြစ်ကြသည်။

**ဝေါဟာရ အသုံးအနှုန်း** ပထမအားဖြင့် ဆင်ခြင်ဉာဏ်နှင့် ယှဉ်သော၊ ယုတ္တိရှိသည့် နှလုံးသွင်းချက်တို့၏ အောင်မြင်မှုသည် ကျွန်ုပ်တို့ အသုံးပြုသော ဝေါဟာရများနှင့် ယင်းတို့ကို ကျွန်ုပ်တို့ မည်သို့ ဖွင့်ဆိုသည့်အပေါ် မူတည်ကြောင်း အရစ္စတိုတယ်က နားလည်ထားသည်။

ယခုတွင် ပလေတိုသစ်ဝါဒီများနှင့် အသင်းတော် ဖခင် ဓမ္မပညာရှင်များအတွက်လည်း ဖွင့်ဆိုချက်များက အရေးကြီးလာသည်။ သို့သော် အရစ္စတိုတယ်သည် အဆိုပါကိစ္စများကို ကိုင်တွယ်ပုံ၌ ပိုမိုခိုင်လုံသည်။ ရုပ်လောကနှင့် ရုပ်နယ်လွန်လောကတို့အပေါ် သူ့အမြင်များကို အခြေပြု၍ မိမိစဉ်းစားဆင်ခြင်နေသော မည်သည့်အရာကိုမဆို အခြားအရာရှိသမျှမှ ခွဲခြားသိမြင်ရန် ထိုအရာ၏ အနှစ်သာရ (ဝါ) အခြေခံနှင့် ၎င်း၏ ဖြစ်ပျက်မှုများ သို့မဟုတ် အခြေခံမကျသော သွင်ပြင်လက္ခဏာများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းအားဖြင့် ယုတ္တိရှိပြီး သိပ္ပံနည်းကျသော အမှုကိစ္စ အတန်းအစားခွဲခြင်းဆိုင်ရာ အစောပိုင်းနည်းလမ်းများကို သူဖော်ပြခဲ့သည်။

အလားတူ လိုက်လျောညီထွေစွာပင် အရစ္စတိုတယ်ယဉ်ကျေးမှုအတွင်း ရှင်းလင်းစွာ ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် အလယ်ခေတ် ကျောင်းတော် ဓမ္မပညာရှင်တို့သည်လည်း ဖြစ်နိုင်သမျှ တိကျအောင် ဝေါဟာရများကို ဖွင့်ဆိုခဲ့ကြသည်။

တိကျသော ဝေါဟာရ အသုံးအနှုန်းများအပေါ် အရစ္စတိုတယ်၏ အလေးပေးမှုအတိုင်း သူတို့၏ ဓမ္မပညာကို ကျောင်းတော်ဓမ္မပညာရှင်တို့က မည်သို့ လိုက်လျောညီထွေပြုခဲ့ကြောင်း ဖော်ပြရန်အတွက် အက္ကွိုင်းနပ်စ်၏ *ဆူမာသီအိုလိုဂျီကာ* ထဲက အပိုဒ်တစ်ပိုဒ်ကို ကြည့်ကြပါစို့။ "ဘုရားသခင်သည် အကန့်အသတ်မဲ့ပါသလား" ဟု ခေါင်းစဉ်တပ်ထားသည့် အခန်းတွင် အောက်ပါ ကန့်ကွက်ချက်ကို အစီရင်ခံသောအားဖြင့် အက္ကွိုင်းနပ်စ်က တုန့်ပြန်မှုပြုခဲ့သည်-

> ကန့်ကွက်ချက် တစ်- ဘုရားသခင် အကန့်အသတ်မဲ့မဟုတ်သည့်ပုံ ပေါ်သည်။ အကြောင်းမှာ အကန့်အသတ်မဲ့သမျှသော အရာရာတို့သည် မပြည့်စုံပါ။ အကြောင်းမှာ ၎င်း၌ ရုပ်ဒြပ်နှင့် အစိတ်အပိုင်းများ ပါရှိနေသည်။ သို့သော် ဘုရားသခင်သည် အပြည့်စုံဆုံးဖြစ်သည်။ ထို့ကြောင့် သူသည် အကန့်အသတ်မဲ့ မဟုတ်ပေ။

ဤကန့်ကွက်ချက်ကို ဖြေဆိုရန်အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုင်ရာ အရေးအရာများအပေါ် အက္ကွိုင်းနပ်စ် စူးစိုက်ထားသည်။ သူမည်သို့ တုန့်ပြန်ခဲ့သည်ကို နားထောင်ကြည့်ပါ။

> ယခုတွင် ရုပ်ဒြပ်သည် အကန့်အသတ်ဖြင့် ပြုလုပ်ထားသည့် ပုံစံဖြင့် ပြည့်စုံခြင်းသို့ ရောက်ရသည်။ ထို့ကြောင့် ဒြပ်ဝတ္ထုကို မှတ်ယူသကဲ့သို့ အကန့်အသတ်မဲ့ခြင်း၌ မပြည့်စုံသည့် သဘောသဘာဝ ရှိနေသည်။ အကြောင်းမှာ ၎င်းသည် ပုံသဏ္ဍာန်မဲ့နေသော ဒြပ်ဝတ္ထုကဲ့သို့ ဖြစ်နေသောကြောင့်ဖြစ်သည်။

ဤတိုတောင်းသော အပိုဒ်အတွင်း ပညာရှင်ဆန်သော ဝေါဟာရအတော်များများကို အက္ကွိုင်းနပ်စ် မည်သို့ အသုံးပြုခဲ့ကြောင်း သတိပြုပါ။ "ဒြပ်ဝတ္ထု" "ပုံသဏ္ဍာန်" "ပုံသဏ္ဍာန်မဲ့" "အကန့်အသတ်ရှိခြင်း" "အကန့်အသတ်မဲ့ခြင်း" "ပြည့်ဝစုံလင်စေခြင်း" "မပြည့်ဝမစုံလင်ခြင်း" စသည့် ဝေါဟာရများကို သူအသုံးပြုခဲ့သည်။ သူ့ကာလက နားလည်နိုင်သည့်ပုံစံများဖြင့် အဆိုပါ ဝေါဟာရများကို သူ အသုံးပြုခဲ့သည်။ အကြောင်းမှာ ယင်းတို့သည် ထိုသို့သော ဝေါဟာရများကို အရစ္စတိုတယ် အသုံးပြုခဲ့ပုံနှင့် လိုက်လျောညီထွေကြသောကြောင့် ဖြစ်သည်။ အကျိုးဆက်အားဖြင့် သူ့အမြင်တို့နှင့် အခြားသူတို့၏ အမြင်များကြား ကောင်းမွန်သော ကွဲပြားခြားနားမှုများ ရှိစေအောင် အက္ကွိုင်းနပ်စ် လုပ်ဆောင်နိုင်ခဲ့သည်။ ဝေါဟာရ အသုံးအနှုံးများ၏ အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် ဤစူးစိုက်မှုသည် ကျောင်းတော် ဓမ္မပညာ၏ သွင်ပြင်လက္ခဏာပင် ဖြစ်သည်။

ဤစူးစိုက်မှုအကျိုးရလာဒ်အရ ကျောင်းတော် ဓမ္မပညာသည် ပညာရှင်ဆန်သော ဝေါဟာရများနှင့် ပြည့်လျှမ်းနေသည်။ ကျောင်းတော်ဓမ္မပညာရှင်တို့သည် ခရစ်ယာန်ဓမ္မပညာအတွက် တိုးချဲ့အထူးပြုထားသည့် ဝေါဟာရ အသုံးအနှုန်းများကိုလည်း တိုးတက်လာစေခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့အတွက် အရေးပါသည်။ အကြောင်းမှာ သူတို့၏ ဝေါဟာရအများစုအား ရာစုနှစ်များစွာတလျှောက် ခရစ်ယာန် ဓမ္မပညာ၌ ဆက်လက်အသုံးပြုခဲ့ကြ၍ ဖြစ်သည်။

တိကျသော ဝေါဟာရ အသုံးအနှုန်းကို အလေးပေးရန် ကျောင်းတော် ဓမ္မပညာရှင်တို့အား တိုက်တွန်းလှုံ့ဆော်သည့်အပြင် ဓမ္မပညာပိုင်းဆိုင်ရာ သမ္မာတရားကို ဆက်သွယ်ပြောဆိုရာ၌ အဆိုပြုပုံစံနှင့် တင်ပြခြင်းအား အဓိကကဏ္ဍအဖြစ်ထားရှိရန်လည်း အရစ္စတိုတယ်၏ ယုတ္တိဗေဒကျမ်းတို့က သူတို့ကို လှုံ့ဆော်ပေးခဲ့သည်။

**အဆိုပြုချက်များ** အဆိုပြုချက်များသည် ယင်းတို့၏ အရိုးရှင်းဆုံးပုံစံများအရ ပြုသူ (ကတ္တား) နှင့် ပြုသူအကြောင်း ဖော်ပြချက် (ကတ္တားအကြောင်းကို ဖော်ပြသော ကြိယာပုဒ်) တို့ဖြင့် ဖွဲ့စည်းထားသည့် အခိုင်အမာဖော်ပြချက်များ ဖြစ်ကြသည်။ နေ့စဉ်စကားပြောတို့၌ အဆိုပြုချက်များကို အချိန်ရှိသမျှ ကျွန်ုပ်တို့ သုံးစွဲနေကြသည်။ "ကျွန်ုပ်သည် ယောက်ျား တစ်ဦး ဖြစ်သည်" ဆိုသည့် ဝါကျကို ကြည့်ပါ။ ဤအဆိုပြုချက်တွင် "ကျွန်ုပ်" သည် ပြုသူ (ကတ္တား) ဖြစ်ပြီး "ယောက်ျားတစ်ဦး ဖြစ်သည်" ဆိုသည်မှာ ပြုသူအကြောင်းဖော်ပြချက် (ကြိယာပုဒ်) ဖြစ်သည်။ ထို့ကြောင့် "ယေရှုသည် ဘုရားသခင့် သားတော် ဖြစ်သည်" ကဲ့သို့ ဓမ္မပညာဆိုင်ရာ အဆိုပြုချက်များနှင့် ကျွန်ုပ်တို့အားလုံး အကျွမ်းတဝင်ရှိနေကြသည်။ ယင်းတို့လို အချက်အလက်ဆိုင်ရာ အခိုင်အမာ အဆိုပြုချက်များသည် အရစ္စတိုတယ်၏ ယုတ္တိဗေဒနည်းနှင့် ဆန်းစစ်ချက်ဖြင့် ပုံဖော်ထားသော ကျောင်းတော် ဓမ္မပညာအတွက် အခြေခံကျသည်။

ကြောင်းကျိုးသင့်သော ဆင်ခြင်နည်းသည် အဆိုပြုချက်များနှင့် မည်သို့ လုပ်ငန်းဆောင်ရွက်သည် ဆိုသည့်အပေါ် အရစ္စတိုတယ်က များစွာ အာရုံစူးစိုက်သည်။ သူ့အမြင်၌ ယုတ္တိဗေဒသည် ဇီဇသိစိတ် သို့မဟုတ် ခံစားချက်ဖော်ပြမှုများ၊ ကဗျာအလင်္ကာ သို့မဟုတ် သင်္ကေတများ၊ စကားထာများ သို့မဟုတ် ဆုတောင်းချက်များနှင့် အလုပ်မလုပ်ပေ။ ယုတ္တိဗေဒသည် အခြေခံအားဖြင့် အချက်အလက်ဖော်ပြမှုများနှင့် ပတ်သက်သည်။ လျောက်ပတ်စွာ ဖွဲ့စည်းထားသော အဆိုပြုချက်များနှင့်သာလျှင် အကြောင်းအရာတစ်ခုကို သရုပ်ခွဲဆန်းစစ်ရန် ယုတ္တိဗေဒကို ကျွန်ုပ်တို့ သုံးနိုင်သည်။

အရစ္စတိုတယ်၏ အလေးပေးချက်နှင့် အညီ ကျောင်းတော် အတွေးအခေါ်သည် ၎င်း၏ ပုံစံကျနသော ဓမ္မပညာကို အဆိုပြုချက်များဖြင့် ဖော်ပြရန် အားထုတ်ခဲ့သည်။ ယခုတွင် ပုံစံကျမှု၊ ပညာရှင်ဆန်မှုတို့ကို လျော့ပေါ့ထားသည့် ရေချိန်အတွင်း ခရစ်ယာန်ယုံကြည်ခြင်း၌ အခြားသော ဖော်ပြချက် အမျိုးအမည်တို့ကို ထည့်သွင်းရန် ရှိကြောင်း ကျောင်းတော် ဓမ္မပညာရှင်တို့ နားလည်ခဲ့ကြသည်။ ကျောင်းတော် ဓမ္မဝါဒီအများစုတို့မှာ ဘာသာတရား အလွန်ကိုင်းရှိုင်းကြပြီး သူတို့၏ ဘာသာရေး ခံယူချက်များကို ကဗျာများ၊ ဓမ္မသီချင်းများ၊ ဆုတောင်းချက်များနှင့် အခြားအလားတူများ၌ ဖော်ပြခဲ့ကြသည်။ သို့သော် အဆင့်အတန်းမြင့်မားပြီး ပညာသည်ဆန်သည့် အသိုင်းအဝိုင်းတွင်း၌

ဓမ္မပညာယုံကြည်ချက်များကို အသေအချာ တည်ဆောက်ထားသည့် အဆိုပြုချက်များ၊ ခိုင်မာသော အချက်အလက် ဖော်ပြချက်များဖြင့် တင်ဆက်ရသည်။

ကျောင်းတော် ဓမ္မပညာ၌ အဆိုပြုချက်များ အချက်အချာကျပုံကို ပုံဖော်ရန် အက္ကွိုင်းနပ်စ်၏ ဆူမာ သီအိုလိုဂျီကာ ကို ပြန်ကြည့်ကြပါစို့။ "ဘုရားသခင်ကို သိကျွမ်းခြင်းသည် အလိုလို ထင်ရှားပေါ်လွင်နေပါသလား" ဆိုသည့် ခေါင်းစဉ်ပေးထားသည့် အခန်းထဲက သူ့ဆွေးနွေးချက်ကို နားထောင်ကြည့်ပါ။

> ကန့်ကွက်ချက် တစ်- ဘုရားသခင် တည်ရှိတော်မူခြင်းသည် အလိုလို ထင်ရှားပေါ်လွင်နေပုံရသည်။ ပထမစည်းမျဉ်းများနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့တွေ့နိုင်သလို ယခုတွင် အဆိုပါအရာများသည် ကျွန်ုပ်တို့အတွက် အလိုလို ထင်ရှားပေါ်လွင်နေသည်၊ ထိုအကြောင်းကို သိသော အသိဉာဏ်အား ကျွန်ုပ်တို့ အထဲတွင် သဘာဝအလျောက်စိုက်ထည့်ထားသည်။ သို့သော် ဒမတ်စ်စင်း (အေဒီ ၈ ရာစုက ဂျွန် ဒမတ်စ်စင်းကို ရည်ညွှန်းခြင်းဖြစ်သည်) က "ဘုရားသခင်ကို သိကျွမ်းသည့် ဉာဏ်အား သဘာဝအလျောက် လူတိုင်းအထဲမှာ ထည့်သွင်းထားသည်" ဟု ဆိုထားသည်။ ထို့ကြောင့် ဘုရားသခင် တည်ရှိတော်မူခြင်းသည် အလိုလို ထင်ရှားပေါ်လွင်နေသည်။

အက္ကွိုင်းနပ်စ်က ဤကန့်ကွက်ချက်ကို ယခုလို တုန့်ပြန်ခဲ့သည်။

> အလိုလိုထင်ရှားပေါ်လွင်နေသောအရာ၏ ဆန့်ကျင်ဖက်ကို မည်သူမျှ စိတ်ကူးနှင့် ဝန်ခံနိုင်ခြင်းမရှိပေ။ ဒဿနိကသမား (အရစ္စတိုတယ်ကို ရည်ညွှန်းသည်) က သရုပ်ပြမှု၏ ပထမဆုံး စည်းမျဉ်းများနှင့် စပ်လျဉ်း၍ ဖော်ပြသည့်အတိုင်း ဖြစ်သည်။ သို့သော် "ဘုရားသခင် ရှိသည်/ ဖြစ်သည်" ဆိုသည့် အဆိုပြုချက်၏ ဆန့်ကျင်ဖက်ကို စိတ်ကူးအားဖြင့် ဝန်ခံ၍ရနိုင်သည်။ "လူမိုက်သည် မိမိစိတ်နှလုံးအထဲ၌ 'ဘုရားသခင် မရှိ' ဟု ပြောဆိုတတ်၏" (ဆာလံ ၅၃း၁)။ ထို့ကြောင့် ဘုရားသခင် ရှိတော်မူသည် ဆိုသည်မှာ အလိုလို ထင်ရှားပေါ်လွင်ခြင်း မရှိပါ။

ဤစာပိုဒ်သည် "မည်သူမျှဆန့်ကျင်ဖက်အရာတစ်ခုကို စိတ်ကူးထဲ ဝန်ခံ၍ မရနိုင်" ဆိုသည့် သဘောကဲ့သို့သော အလိုလို ထင်ရှားပေါ်လွင်ခြင်း၏ ပညာသည်ဆန်သည့် အရစ္စတိုတယ် ဖွင့်ဆိုချက်ကို ရည်ညွှန်းသည်။ သို့သော် ထို့ထက်ပိုသည်မှာ အက္ကွိုင်းနပ်စ်က သူ့အား ကန့်ကွက်သူကို အဆိုပြုချက်များဖြင့် တုန့်ပြန်ကြောင်း ကျွန်ုပ်တို့တွေ့ရခြင်းဖြစ်သည်။ ချီးမွမ်းခြင်း သို့မဟုတ် မြည်တမ်းခြင်းဖြင့် သူပွင့်အန် မလာခဲ့ပါ။ သူ့အတိုက်အခံကို မောင်းမဲခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းတို့ သူ မပြုခဲ့ပါ။ ထိုအစား အဆိုပြုချက်များဖြင့်သာ အစဉ်တစိုက် သူတုန့်ပြန်ခဲ့သည်။

အက္ကိုင်းနပ်စ်မှာ တွေ့ရသည့်အချက်သည် ကျောင်းတော် ဓမ္မပညာ၏ ယေဘုယျသွင်ပြင်လက္ခဏာပင် ဖြစ်သည်။ ကျောင်းတော်ဓမ္မဝါဒီတို့သည် သူတို့၏ ပုံစံကျ ဓမ္မပညာဆွေးနွေးချက်များ အားလုံးနီးပါးကို အဆိုပြုချက်များအဖြစ် ကန့်သတ်ထားခဲ့ကြသည်။ အချက်အလက်များကို ကောင်းစွာ ဖွဲ့စည်းဖော်ပြထားချက်များ၌ အသေအချာ ဖွင့်ဆိုထားသည့် ဝေါဟာရ အသုံးအနှုန်းများကို ထည့်သွင်းခြင်းဖြင့် ဓမ္မပညာဆိုင်ရာ အရေးအရာတို့ကို သူတို့ ဆွေးနွေးအဖြေရှာခဲ့ကြသည်။ ဤလက္ခဏာသည် ခရစ်ယာန် ဓမ္မပညာအတွက် အလွန်ပင် အချက်အချာကျလာရကား ယနေ့ကျွန်ုပ်တို့ခေတ်မှာပင်လျှင် အဆိုပြုချက်တို့သည် စနစ်ကျဓမ္မပညာ၌ မရှိမဖြစ် အရေးပါနေရသည်။

ယုတ္တိဗေဒအပေါ် အရစ္စတိုတယ်၏ ဆင်ခြင်သုံးသပ်မှုများနှင့် ကျောင်းတော် တွေးခေါ်မှုဝါဒတို့ အပြန်အလှန် ဆက်ဆံကြသည့် တတိယပုံစံကို တြိယုတ္တိဆင်ခြေ ခေါင်းစဉ်အောက်မှာ အကျဉ်းချုပ်၍ ရနိုင်သည်။

**တြိယုတ္တိ ဆင်ခြေများ** စကားအရဆိုပါက တြိယုတ္တိဆင်ခြေဆိုသည်မှာ အဆိုများနှင့် ကောက်ချက်များကို ဖွဲ့စည်းရန် အဆိုပြုချက်များကို စီစဉ်ခင်းကျင်းထားရာ ယုတ္တိရှိသော ကြောင်းကျိုးပြချက် တစ်ခုပင် ဖြစ်သည်။

သာဓကပြ၍ ရှင်းပြရမည်ဆိုက အခြေခံ ယုတ္တိဗေဒ ပြဌာန်းစာအုပ်များထဲ ပို့ချသော ထင်ရှားသည့် တြိယုတ္တိဆင်ခြေတစ်ခုမှာ ယခုလို ဖြစ်သည်- အဆို တစ်- ဆော့ခရတ္တိသည် လူသား တစ်ဦး ဖြစ်သည်။ အဆို နှစ်- လူသားတိုင်း သေမျိုးဖြစ်သည်။ နိဂုံး- ထို့ကြောင့် ဆော့ခရတ္တိသည် သေမျိုးဖြစ်သည်။

သီးသန့်သဘောရှိသော ကောက်ချက်များချနိုင်စေသည့် ကြောင်းကျိုးပြမှုများအဖြစ် အဆိုပြုချက်များကို မည်သို့ အစီအစဉ်တကျ ထားရှိနိုင်ကြောင်း ဖော်ထုတ်ရင်း အရစ္စတိုတယ် အချိန်များစွာကြာမြင့်ခဲ့သည်။ အထောက်အထား စည်းမျဉ်း၊ ရှေ့နောက် ညီညွတ်မှု စည်းမျဉ်း၊ ကြားနေမှုကို ဖယ်ထုတ်သော စည်းမျဉ်းများသာမက ကွဲပြားသော အဆိုအမျိုးအစား အဖုံဖုံမှ ကောက်ချက်အမျိုးအစား အထွေထွေကို မှန်ကန်စွာ သို့မဟုတ် ယုတ္တိရှိစွာ ဆွဲယူ ကောက်ချက်ချနိုင်မည့် နည်းများဖြစ်ကြသည့် ဆွဲယူကောက်ချက်ချခြင်းဆိုင်ရာ ခိုင်လုံသော စည်းမျဉ်းပေါင်းစုံကိုလည်း သူ လေ့လာ ဖော်ထုတ်ခဲ့သည်။

ဟုတ်ပါသည်။ ခိုင်လုံစစ်မှန်သော ဓမ္မပညာ ကြောင်းကျိုးပြချက်တို့သည် အမြဲလို အတော်ပင် ခက်ခဲရှုပ်ထွေးပါသည်။ သို့သော် ကျောင်းတော် ဓမ္မပညာရှင်တို့ကမူ အရစ္စတိုတယ်၏ ကြောင်းကျိုးသင့်သော တင်ပြချက်စံနှုန်းများနှင့် အညီ ဓမ္မပညာတင်ပြချက်တို့ကို ဖွဲ့စည်းနိုင်ရန် ရည်ရွယ်ခဲ့ကြသည်။

အက္ကိုင်းနပ်စ်၏ *ဆူမာ သီအိုလိုဂျီကာ* ထဲက "ဘုရားသခင်ကို သိကျွမ်းခြင်းသည် အလိုလို ထင်ရှားပေါ်လွင်ပါသလား" ဆိုသည်ကို တဖန် ထပ်၍ စဉ်းစားကြည့်ကြပါစို့။ ဘုရားသခင်ကို သိကျွမ်းခြင်းသည် တဲ့တိုးကျသည့် တြိယုတ္တိဆင်ခြေ တစ်ခုအရ အလိုလို ထင်ရှားပေါ်လွင်နေသည် ဆိုသည့် အဆိုတင်ပြချက်ကို ထိုနေရာမှာ သူ တုန့်ပြန်ထားသည်။ ဤစကားများကို သူရေးခဲ့သည်-

> အလိုလို ထင်ရှားပေါ်လွင်နေမှု၏ ဆန့်ကျင်ဖက်အရာကို စိတ်ကူးထဲမှာ မည်သူမျှ ဝန်ခံနိုင်ခြင်း မရှိပါ။ .... သို့သော် "ဘုရားသခင်သည် ရှိသည်/ ဖြစ်သည်" ဆိုသည့် အဆိုပြုချက်၏ ဆန့်ကျင်ဖက်ကိုမူ စိတ်ကူးထဲမှာ ဝန်ခံနိုင်ပေသည်။ "'ဘုရားသခင် မရှိ' ဟု စိတ်နှလုံးထဲ၌ လူမိုက်သည် ထင်တတ်၏" ထို့ကြောင့် ဘုရားသခင် ရှိတော်မူသည် ဆိုသည်မှာ အလိုလို ထင်ရှားပေါ်လွင်ခြင်းမရှိပေ။

ဤနေရာတွင် တင်ပြထားသည့် တြိယုတ္တိဆင်ခြေကို ယခုလို ဖော်ပြနိုင်သည်။ အဆို တစ်- အလိုလို ထင်ရှားပေါ်လွင်နေသည့်အရာ၏ ဆန့်ကျင်ဖက်အရာကို မည်သူမျှ စိတ်ကူးထဲမှာ ဝန်မခံနိုင်ပါ။ အဆို နှစ်- "ဘုရားသခင်" ၏ ဆန့်ကျင်ဖက်ကို စိတ်ကူးထဲမှာ ဝန်ခံ၍ ရနိုင်သည်။ နိဂုံး- ထို့ကြောင့် ဘုရားသခင် ရှိတော်မူသည် ဆိုသည်မှာ အလိုလို ထင်ရှားပေါ်လွင်ခြင်း မရှိပါ။

ဤစာပိုဒ်သည် အသေအချာတည်ဆောက်ထားသော တြိယုတ္တိဆင်ခြေများဖြင့် သူ့ ဓမ္မပညာ ရပ်တည်ချက်များအား အကွဲ့င်းနပ်စံ မည်သို့ လေ့လာဖော်ထုတ်၊ ခုခံကာကွယ်ခဲ့သည်ကို ပြသည့် သာဓကတစ်ခုမျှသာ ဖြစ်သည်။ ထို့ပြင် ဤခေါင်းစဉ်အပေါ် သူ့ ကိုင်တွယ်ပုံသည် အလယ်ခေတ် ကျောင်းတော် ဓမ္မပညာ၏ စံပြုပုံစံ ဖြစ်ခဲ့သည်။ အမှန်စင်စစ် တြိယုတ္တိဆင်ခြေအပေါ် ဤလိုမျိုး စူးစိုက်မှုသည် ယနေ့ ကျွန်ုပ်တို့ကာလ စနစ်ကျဓမ္မပညာ၏ အဓိက လက္ခဏာတစ်ခုအနေနှင့်ပင် ရှိနေပေသည်။

ပညာရပ်ဆန်သော ဝေါဟာရများအပေါ် စူးစိုက်မှု၊ အဆိုပြုချက်များနှင့် ယုတ္တိရှိသော တြိယုတ္တိဆင်ခြေများ အပေါ် အားပြုမှုများ အပြင် ကျောင်းတော် ဓမ္မဝါဒီတို့သည် သူတို့၏ ဓမ္မပညာ၏ ဦးစားပေးချက်များအားဖြင့်လည်း အရစ္စတိုတယ်၏ ဩဇာလွှမ်းမိုးမှုကို ထင်ရှားပြခဲ့ကြသေးသည်။

**ဦးစားပေးချက်များ** တည်ငြိမ်နေသော၊ ဆင်ခြင်နိုင်းချိန်နိုင်သော အထက်အောက် အနိမ့်အမြင့်အဆင့်များအားဖြင့် အမှန်တရားကို ဆန်းစစ်သည့် လုပ်ငန်း၌ ကြောင်းကျိုးပြမှုကို အရစ္စတိုတယ် အသုံးချသည်။ ထောင်လိုက် ဆင်ခြင်နိုင်းချိန်နိုင်သည့် အစီအစဉ်ထဲ အရာရာတို့ နေရာကျနေသည့်ပုံစံဖြင့် သူရှုမြင်သည်။ သူ့အမြင်အရ ပြည့်ဝစုံလင်ခြင်း မရှိသည့် ဒြပ်ဝတ္ထုအမျိုးမျိုးတို့မှာ အနိမ့်စွန်းဖက်တွင် ရှိနေကြလျက် ညီညွတ်မှုတပြီး ပြည့်စုံသောပုံစံတို့က အမြင့်စွန်းဖက်မှာ ရှိနေကြရာ ချိန်ခွင်တစ်ခုအတွင်း ကြားတစ်နေရာရာမှာ အရာရာတို့ ရှိနေကြသည်။ ထို့ပြင် ဒဿနိကဆိုင်ရာလုပ်ငန်းတစ်ခုမှာ ဤကြောင်းကျိုးဆင်ခြင်မှု အစီအစဉ်အတွင်း အမှန်တရား ရှိသမျှတို့ ဝင်ဆန့်ရာ နေရာကို ရှာဖွေဖော်ထုတ်ရန် ဖြစ်သည်ဟု သူယုံကြည်သည်။

အလွန်ပင် ရိုးရှင်းသော ဝေါဟာရများအရ ဘုရားသခင်သည် ချိန်ခွင်၏ ထိပ်ဆုံးတွင် ရှိနေသည်။ ကိုယ်တော်သည် အရင်အဦးဆုံးသော စည်းမျဉ်း၊ အရာရာတို့အနက် အကြောင်းရင်းမဲ့သော အကြောင်းတရားဖြစ်သည်။ ဘုရားသခင်မှာသာလျှင် ညီညွတ်မှု သက်သက်၊ ပုံစံကျနမှု သက်သက်၊ ဖြစ်တည်မှု သက်သက် ရှိသည်။ ကောင်းကင်တမန်တို့သည် ဘုရားသခင့်အောက်မှာ ရပ်တည်မှု တစ်ဆင့်နိမ့်ကျသည်။ လူသားတို့သည် ကောင်းကင်တမန်များအောက်မှာ ရှိသည်။ အကြောင်းမှာ ယင်းတို့သည် ဝိညာဉ်သဘာဝသာမက ရုပ်သဘာဝလည်း ရှိ၍ ဖြစ်သည်။ လူသားတို့အောက်တွင် တိရစ္ဆာန်တို့၏ ဘဝဖြစ်တည်မှုအမျိုးမျိုး နေရာယူသည်။ ထိုအောက်မှာ အပင်တွေ ရှိသည်။

ထိုအောက်မှာ သက်မဲ့ သယံဇာတတွေ ရှိသည်။ ထိုအရာတွေအောက်မှာ လေ၊ မီး၊ မြေ၊ ရေ စသည့် ဓာတ်ကြီးလေးပါး ရှိသည်။ ချိန်ခွင် အောက်ခြေမှာတော့ အခြေခံ မြေကြီးရှိသည်။

အရစ္စတိုတယ် ယဉ်ကျေးမှုများအတွင်း ဆက်သွယ်ပြောဆိုရန်အတွက် ကျောင်းတော်ဓမ္မပညာရှင်တို့က သူတို့၏ ဓမ္မပညာကို ဤအရစ္စတိုတယ် ပုံစံအရ ရှင်းပြရန် ကြိုးစားသည်။ အထက်အရပ်မှ ဓမ္မပညာပုံစံဖြင့် သူတို့၏ ဩဝါဒအကျဉ်းချုပ်များကို သူတို့အားထုတ်ကြိုးစား တည်ဆောက်ကြသည်။ ဆိုလိုသည်မှာ အရစ္စတိုတယ်၏ အထက်အောက် အနိမ့်အမြင့်စနစ်အတွင်း ပိုမြင့်သောရေချိန်များမှာ ရှိနေသည့် ခရစ်ယာန် သွန်သင်ချက်များကို အလေးပေးမှုနှင့် သူတို့ အစပြုပြီး ထိုမှတဆင့် အရစ္စတိုတယ် ချိန်ခွင်ထဲက ပိုနိမ့်သောရေချိန်များရှိ ခရစ်ယာန် သွန်သင်ချက်များဆီ ဆင်းသွားလိုကြသည်။ အမြဲလိုပင် သူတို့၏ အထက်အရပ်မှ ဓမ္မပညာအတွင်း စိမ့်ဝင်ပျံ့နှံ့နေသော သိမ်မွေ့ရှုပ်ထွေးသည့် ဆင်ခြင်မှုတွေးခေါ်မှု အစီအစဉ်ကို ရှင်းပြနိုင်ဖို့ သူတို့ အားထုတ်သည်။

အထက်အရပ်မှ ဓမ္မပညာဆိုင်ရာ ဤအလားအလာကို သောမတ်စ် အကွိုင်းနပ်စ်၏ ဆူမာ သီအိုလိုဂျီကာ ဖွဲ့စည်းပုံထဲတွင် အတော်ပင် ရှင်းလင်းစွာ တွေ့နိုင်သည်။ သူ့ ဆူမာ အပိုင်းတစ်သည် နိဒါန်းတစ်ခုနှင့် အစချီပြီးနောက် ကျောင်းတော် ဓမ္မပညာအတွင်း အမြင့်ဆုံး ဦးစားပေး အကြောင်းအရာဆီသို့ တိုက်ရိုက်ရောက်ရှိသည်။ တစ်ဆူတည်းသော ဘုရား ထို့နောက် မင်္ဂလာရှိသော သုံးပါးတစ်ဆူထံသို့ အကွိုင်းနပ်စ် ရောက်လာသည်။ ထို့နောက်တွင် ဘုရားသခင်သည် အရာရာကို ဖြစ်စေသော ပထမဆုံး အကြောင်းရင်းကြီးဖြစ်သည် ဆိုသည့်အပေါ် ဆက်လက် အလေးပေးထားသည့် ဖန်ဆင်းခြင်း အခန်းအပေါ် သူစူးစိုက်သည်။ ပြီးလျှင် ဖန်ဆင်းခံများထဲက အကြီးကျယ်ဆုံးဖြစ်သူတို့ထံ အကွိုင်းနပ်စ် ရောက်သည်။ ကောင်းကင်တမန်များ၊ ယင်းနောက်၌ ကောင်းကင်တမန်တို့အောက်မှာ ရှိသည့် ခြောက်ရက်ကြာ ရုပ်လောကဖန်ဆင်းခြင်းအကြောင်း သူရှင်းပြသည်။ ထို့နောက်တွင် ဝိညာဉ်သဘာဝနှင့် ရုပ်သဘာဝရှိသော လူသားအကြောင်း အခန်းတခန်း ပါရှိသည်။ အဆုံးသတ်တွင် ရုပ်သက်သက်သာရှိသော အရာများပါသည့် ဖန်ဆင်းခံများအပေါ် ဘုရားသခင့် အုပ်ချုပ်မှုနှင့် သူ၏ ဆူမာ အပိုင်းတစ်ကို အကွိုင်းနပ်စ် နိဂုံးချုပ်သည်။ အကွိုင်းနပ်စ်၏ ဆူမာ သီအိုလိုဂျီကာ ထဲက ဦးစားပေးချက်များသည် ကျောင်းတော်ဝါဒ ယေဘုယျနည်းဗျူဟာ၏ သွင်ပြင်စရိုက်ကို ဖော်ပြနေသည်။ ထို့ပြင် ရာစုနှစ်များစွာ ကြာသည့်တိုင် ဤအလားအလာသည် ပုံစံကျ ခရစ်ယာန် ဓမ္မပညာ၏ စရိုက်လက္ခဏာအဖြစ် ယနေ့ကာလ ပရိုတက်စတင့် စနစ်ကျ ဓမ္မပညာမှာပင်လျှင် ရှိနေသည်။

ယခုတွင် ပထမအားဖြင့် အသင်းတော်ဖခင်များကာလ ဆန်းသစ်ထားသည့် ပလေတို၏ ဒွိတ္တဝါဒ၊ ထိုမှတဆင့် အလယ်ခေတ်ကာလ အရစ္စတိုတယ် ဆင်ခြင်မှုဝါဒဟူ၍ ဓမ္မသစ် ပုံစံများမှသည် ဂရိတွေးခေါ်မှုနည်းများသို့ ခရစ်ယာန် ဓမ္မပညာ ရွှေ့ပြောင်းလာပုံနည်းလမ်း အချို့ကိုတွေ့ပြီးဖြစ်၍ အဆိုပါ တိုးတက်လာပုံများအား ပရိုတက်စတင့် ဓမ္မပညာပုံစံများနှင့် နှိုင်းယှဉ်ပုံတို့ထံ ကျွန်ုပ်တို့ အာရုံစိုက်ကြပါမည်။

# ပရိုတက်စတင့် ဓမ္မပညာ

ပရိုတက်စတင့် ဓမ္မပညာလေ့လာနည်းများစွာ ရှိရကား နမူနာငယ်တစ်ခုကိုသာ ကွက်၍ လေ့လာကြပါမည်။ ပရိုတက်စတင့် ဓမ္မပညာကို အဆင့်သုံးဆင့်ခွဲကာ လေ့လာကြပါမည်။ ပထမအားဖြင့် ၁၆ ရာစု အစောပိုင်း ပြုပြင်ပြောင်းလဲရေးသမားတို့၏ ဓမ္မပညာ၊ ဒုတိယအားဖြင့် ပရိုတက်စတင့်တို့၏ ရှေးရိုး ဂန္ထဝင် ဝန်ခံချက်များနှင့် တတိယအားဖြင့် ခေတ်သစ် ပရိုတက်စတင့် စနစ်ကျဓမ္မပညာတို့ ဖြစ်ကြသည်။ အစောပိုင်း ပြုပြင်ပြောင်းလဲရေးသမားတို့၏ ဓမ္မပညာနှင့် အစပြုကြပါစို့။

## အစောပိုင်း ပြုပြင်ပြောင်းလဲရေးသမားများ

အစောပိုင်း ပရိုတက်စတင့်ဓမ္မပညာ၏ ရည်ရွယ်ချက်မှာ သမ္မာကျမ်းစာပါသည့်အတိုင်း ခရစ်ယာန် ဓမ္မပညာကို ပြန်လည် တည်ဆောက်ရန် ဖြစ်သည်။ ဥပမာအားဖြင့် မာတင်လူသာနှင့် ဂျွန်ကယ်လ်ဗင် တို့သည် ဓမ္မပညာ၌ သမ္မာကျမ်းစာ၏ အခွင့်အာဏာကို ပြန်လည်ခိုင်မာစွာဖော်ပြရန် ထဲထဲဝင်ဝင် ဆက်ကပ်အပ်နှံထားသူများ ဖြစ်ကြသည်။ သူတို့သည် အခြေခံအားဖြင့် သမ္မာကျမ်းစာထဲ၌ တိုက်ရိုက် နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေကာ ရိုမင်ကက်သလစ်ဝါဒ နှင့် အစွန်းရောက် အယ်နာဘက်ပတစ်စ် တို့၏ စိမ်ခေါ်ချက်များကို တုန့်ပြန်ခဲ့ကြသည်။

အကျိုးရလာဒ်အားဖြင့် လူသာရော ကယ်လဗင်ပါ နှစ်ဦးလုံးက ယနေ့ခေတ် စနစ်ကျဓမ္မပညာနှင့် တိုက်ရိုက်လိုက်လျောညီထွေသည့် အရာဘာကိုမျှ မရေးခဲ့ပါ။ ထိုအစား လူသာ၏ လက်ရင်းတပည့် ဖိလစ်မေလန်ခသွန်နှင့် ကယ်လဗင်နောက်လိုက် သီအိုဒိုးဘီဇာတို့ထံ အစောပိုင်းကာလ ပရိုတက်စတင့်ဓမ္မပညာကို စနစ်တကျပြုစုရန် အဓိက တာဝန်ကျလာခဲ့သည်။ သို့တစေ အစောပိုင်း ပြုပြင်ပြောင်းလဲရေးသမားတို့၏ စာပေများထဲတွင် အသင်းတော် ဖခင်များနှင့် ကျောင်းတော် ဓမ္မပညာ သွင်ပြင်လက္ခဏာ အများအပြား ပါဝင်နေဆဲဖြစ်သည်။

သာဓကအနေဖြင့် ကယ်လဗင်၏ ထင်ရှားသော *ခရစ်ယာန် ဘာသာ၏ အသင်းအဖွဲ့များ* ကို ကြည့်ပါ။ အယူလွဲနေသည်ဆိုသည့် စွပ်စွဲချက်ကို ပရိုတက်စတင့်တို့ဘက်မှ ခုခံကာကွယ်ရန် ပထမအနေဖြင့် *အသင်းအဖွဲ့များ* ကျမ်းကို ရေးသားသည်။ သို့သော် ပရိုတက်စတင့်တို့၏ အမြင်များကို ကာကွယ်ရာ၌ ပြုပြင်ပြောင်းလဲရေး မတိုင်မီ ရာစုနှစ်များစွာကပင် ရှိထားပြီးသည့် နည်းလမ်းများအတိုင်း ဓမ္မပညာတည်ဆောက်ရန် ထူးခြားအရေးပါသည့် စိတ်ညွှတ်မှုများကို ကယ်လဗင် ပြခဲ့သည်။ သို့သော် အသင်းတော် ဖခင်များ သို့မဟုတ် ကျောင်းတော် ဓမ္မပညာပုံစံကို ကယ်လဗင် လိုက်ခဲ့ခြင်းမျှသာဖြစ်သည်ဟု ဆိုလျှင်တော့ မှားတမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေ *အသင်းအဖွဲ့များ* ကျမ်းထဲတွင် အရစ္စတိုတယ်၏ ယုတ္တိကို အသုံးပြုပုံများ၊ ပညာရပ်ဆိုင်ရာ ဝေါဟာရများကို အသုံးပြုပုံများ၊ အဆိုပြုချက်များအဖြစ် ဓမ္မပညာကို ယေဘုယျဖော်ပြပုံများ၊ အရေးကိစ္စများအားဖြင့် ဆင်ခြင်အဖြေရှာရန် တြိယုတ္တိဆင်ခြေ တည်ဆောက်ပုံများ နှင့် အထက်အရပ်မှ ဓမ္မပညာ၏ ဦးစားပေးချက်များနှင့်အညီ ဓမ္မပညာ ပုံစံချပုံများနှင့် ပတ်သက်၍ ထူးခြားအရေးပါသော အလေးပေးချက်များကို သူ ပြသခဲ့သည်။

ကယ်လဗင်၏ ကျမ်းထဲက အခြေခံအချက်တစ်ခုချင်းစီကို သရုပ်ဖော်ပြရန် အချိန်မလုံလောက်ပါ။ သို့သော် ဓမ္မပညာ၌ အဓိက တန်ဆာပလာအဖြစ် ကြောင်းကျိုးဆင်ခြင်မှုကို သုံးဖို့ သူထောက်ခံကြောင်း၊ အထက်အရပ်မှ ဓမ္မပညာ၏ ဦးစားပေးချက်များကို သူမည်သို့လိုက်နာကြောင်း ကျွန်ုပ်တို့ အလွယ်တကူ မြင်နိုင်ပါသည်။ တစ်ဖက်တွင် ယုတ္တိဗေဒ (ဝါ) ကြောင်းကျိုးပြမှုကို လေ့လာခြင်း၏ အကျိုးကျေးဇူးများအား ကယ်လဗင် အခိုင်အမာပြောဆိုထားသည်ကို သာသနာပလူတို့ ပြောင်းလဲချဲ့ထွင်ထားသည့်အတိုင်းပင် နားထောင်ကြည့်ပါ။

အသင်းအဖွဲ့များ စာစောင် အမှတ်၂၊ အခန်းကြီး ၂ ထဲ ဤစကားလုံးများကို သူရေးထားသည်။

> သို့သော် သခင်ဘုရားသည် ရူပဗေဒ၊ ယုတ္တိဗေဒ၊ သင်္ချာနှင့် အလားတူ သိပ္ပံနယ်ပယ်များရှိ မတရားသောသူတို့၏ ကျမ်းဂန်နှင့် လုပ်ဆောင်မှုအားဖြင့် ကျွန်ုပ်တို့ကို ကူညီမစရန် နှစ်သက်ပါက ကျွန်ုပ်တို့ထံ ဘုရားက အလိုလို ပေးကမ်းထားသည့် ဆုကျေးဇူးလက်ဆောင်များကို ဥပေက္ခာပြုခြင်းကြောင့် ကျွန်ုပ်တို့၏ ပျင်းရိမှုအတွက် ပြစ်ဒဏ်ထိုက်မည်စိုးသဖြင့် ကျွန်ုပ်တို့ အခွင့်ယူကာ အဖြစ်နိုင်ဆုံး အသုံးချကြပါစို့။

ယုတ္တိဗေဒ (ဝါ) ကြောင်းကျိုးပြ ဆင်ခြင်မှုကို ထောက်ခံသည်နှင့်အညီ ကယ်လဗင်၏ အရေးအသားများတွင် သမ္မာကျမ်းစာ သွန်သင်ချက်များအပေါ် သာမက အရစ္စတိုတယ် ယုတ္တိစံနှုန်းများနှင့် လိုက်လျောညီထွေသည့်ပုံစံများဖြင့် သမ္မာကျမ်းသွန်သင်ချက်များ ဖော်ပြရေးအပေါ်မှာပါ အလေးပေးဂရုပြုကြောင်း ပြသနေသည်။

အခြားတစ်ဖက်တွင်မူ ကယ်လဗင်၏ အသင်းအဖွဲ့များ ကျမ်းသည် အလယ်ခေတ် ဓမ္မပညာဖွဲ့စည်းပုံများကို နီးနီးစပ်စပ် ထင်ဟပ်သည့်ပုံစံများဖြင့် အထက်အရပ်မှ ဓမ္မပညာ ဦးစားပေးချက်တို့ကိုပါ အကြီးအကျယ် ထင်ဟပ်နေသည်။ အသင်းအဖွဲ့များ ကျမ်းအား စာစောင်လေးခု ခွဲခြားထားသည်။ ပထမစာစောင်သည် ဖန်ဆင်းရှင်အဖြစ် ဘုရားသခင်ကို သိကျွမ်းခြင်းအကြောင်းကို ဆွေးနွေးထားသည်။ သူ့စာစောင်ထဲတွင် ဘုရားသခင်အား သူ့အတွင်း၌ ရှိတော်မူသောသူ၊ ပိုင်သအုပ်စိုးသော ဖန်ဆင်းရှင်နှင့် စကြဝဠာကို ထိန်းကျောင်းသူ ဘုရားသခင် အဖြစ် ဖော်ပြထားသည်။ စာစောင် အမှတ် ၂ ထဲတွင် ရွေးနုတ်သူအဖြစ် ဘုရားသခင်ကို သိကျွမ်းခြင်းအပေါ် စူးစိုက်ထားသည်။ သူ့လူတို့အတွက် ခရစ်တော် လုပ်ဆောင်ပြီးစီးစေခဲ့သည့် ကယ်တင်ခြင်းအမှုကဲ့သို့သော လောကအတွင်း ဘုရားသခင် ကြားဝင်လုပ်ဆောင်ပေးမှုနှင့် ဆက်နွယ်သည့် မြေကြီးပေါ်က အမှုကိစ္စများအကြောင်း ၎င်းက ပိုမိုဆွေးနွေးထားသည်။ စာစောင် အမှတ် ၃ သည် ကျေးဇူးတော်ကို လက်ခံရယူခြင်း၊ ရရှိသည့် အကျိုးကျေးဇူးများနှင့် အကျိုးသက်ရောက်မှုများ အကြောင်း ဖော်ပြသည်။ ဤနေရာတွင် ခရစ်တော်၌ လုပ်ဆောင်ပြီးစီးသော ကယ်တင်ခြင်းကို လူတစ်ဦးချင်းစီသို့ မည်သို့ အကျုံးဝင်စေကြောင်းနှင့် ကယ်တင်ခြင်း လက်ခံရရှိခြင်းကြောင့် တစ်ဦးချင်းပုဂ္ဂိုလ်တို့ အသက်တာ၌ မည်သည့်ကောင်းချီးမင်္ဂလာများနှင့် အကျိုးသက်ရောက်မှုများ ရရှိစေကြောင်း ရှင်းပြထားသည်။ စာစောင် အမှတ် ၄ သည် ပိုနိမ့်ပါးပြီး လက်တွေ့ကျသော ကိစ္စများဖြစ်သည့် အသင်းတော်၊ မင်္ဂလာတရားများ၊ မြို့ပြအုပ်ချုပ်ရေးတို့နှင့် ဆက်နွယ်သည့်ကိစ္စများ စသည်တို့အပေါ် စူးစိုက်ထားသည်။

ထို့ကြောင့် ကယ်လဗင်သည် ပိုမိုမြင့်မားသော ကောင်းကင် သဘောတရားများမှသည် ပိုမိုနိမ့်ပါးသော၊ လောကီဆန်သော ကိစ္စများဆီ ရွေ့သွားကြောင်း ကျွန်ုပ်တို့ မြင်နိုင်သည်။ ဖန်ဆင်းခံတို့အထက် အကြီးမြတ်ဆုံးသော ဖန်ဆင်းပိုင်သအုပ်စိုးရှင် အဖြစ် ဘုရားသခင်ကို ဦးစွာ တင်ဆက်သည်။ ထို့နောက် ခရစ်တော်၌ သမိုင်းကြောင်းအတွင်း ဘုရားသခင် ကြားဝင်လုပ်ဆောင်ခြင်းက ဒုတိယလိုက်သည်။ တစ်ဦးချင်း လူပုဂ္ဂိုလ်တို့၏ ကယ်တင်ခြင်းအကြောင်းသည် နောက်ထပ်တစ်ခု ဖြစ်သည်။ အဆုံးသတ်၌ လက်တွေ့ကျသော ခရစ်ယာန် နေ့စဉ်လူမှုဘဝ ဂရုပြုချက်များအပေါ် အာရုံစိုက်မှုကို ကျွန်ုပ်တို့ တွေ့ရသည်။

သို့ဖြစ်၍ ယုတ္တိဗေဒနှင့် အထက်အရပ်မှ ဓမ္မပညာကို ထောက်ခံသည့်အနေဖြင့် ပြုပြင်ပြောင်းလဲရေး မတိုင်မီ အသင်းတော်သမိုင်းတွင်း တိုးတက်ချဲ့ထွင်လာခဲ့သော ဓမ္မပညာနည်းစနစ်များနှင့် ဦးစားပေးချက်များအတိုင်း ကယ်လဗင် ဆက်လိုက်ခဲ့သည်။

ဓမ္မပညာ၌ အစောပိုင်း တိုးတက်ချဲ့ထွင်လာမှုများအပေါ် အစောပိုင်း ပရိုတက်စတင့် ဓမ္မပညာ မှီခိုအားပြုခဲ့ကြောင်း ဝန်ခံသိမှတ်ရသည်သာမက ပရိုတက်စတင့်တို့ အမွေဆက်ခံသည့် ဝန်ခံချက်သည်လည်း အလားတူဖြစ်ကြောင်း ကျွန်ုပ်တို့ ပြည့်ွန်ရပါမည်။ ကမ္ဘာပေါ်၌ မတူကွဲပြားသော ဒေသရှိ ပရိုတက်စတင့်တို့သည်သူတို့၏ ယုံကြည်ခြင်းကို အကျဉ်းချုပ်ဖော်ပြသည့် ရှေးရိုး စံပြု အမေးအဖြေများနှင့် ဝန်ခံချက်များစွာကို ထုတ်ဝေခဲ့ကြသည်။

## စံပြု ဝန်ခံချက်များ

သာဓကဆိုရလျှင် ၁၆၄၇ ခုနှစ်က ရေးသားခဲ့သည့် *ဝက်စ်မင်စတာ ယုံကြည်ခြင်းဝန်ခံချက်* ၏ ဓမ္မပညာကို စဉ်းစားကြည့်ပါ။ အစောပိုင်း ပရိုတက်စတင့်များမှာကဲ့သို့ ဝက်စ်မင်စတာ ဓမ္မပညာအား ကျောင်းတော် ဓမ္မပညာစစ်စစ်ဟု အတိအကျ ခေါ်ဆိုခြင်းသည် မတရားပါ။ အကြောင်းမှာ သမ္မာကျမ်းစာသွန်သင်ချက်ကို အရေးတယူ လုပ်ထား၍ဖြစ်သည်။ သို့တိုင်အောင် *ဝန်ခံချက်* သည် အလယ်ခေတ် ဓမ္မပညာကို ဖော်ပြသောအမြင်တို့၏ ဩဇာအောက်မှာ ရှိနေခဲ့ဆဲ ဖြစ်သည်။ ပညာသည်ဆန်သော ဝေါဟာရများအပေါ် အကြီးအကျယ်မှီခိုပုံ၊ အဓိက ဖော်ပြချက်ပုံစံသည် အဆိုပြုချက်များပုံစံ ဖြစ်နေပုံ၊ ဓမ္မပညာတင်ပြချက်ကို တြိယုတ္တိဆင်ခြေများက အသေအချာ အကာအကွယ်ပေးနေကြပုံ၊ အထက်အရပ်မှ ဓမ္မပညာ၏ ဦးစားပေးချက်များအတိုင်း ဓမ္မပညာ အကြောင်းအရာတို့ကို အစီအစဉ်ချထားပုံ စသည်တို့၌ *ဝန်ခံချက်* သည် အရစ္စတိုတယ် ယုတ္တိဗေဒကို လက်ခံကျင့်သုံးထားသည်။

ဝက်စ်မင်စတာ ယုံကြည်ခြင်း ဝန်ခံချက် ၌ ယုတ္တိဗေဒသည် အလွန်အရေးကြီးသော ကဏ္ဍမှ ပါဝင်နေကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ ၎င်းသည် အခန်းကြီး ၁၊ စာပိုဒ် ၆ ၌ အထူးသဖြင့် ပေါ်လွင်သည်။ အကြောင်းအရာကို ၎င်းက မည်သို့ဖော်ပြကြောင်း နားထောင်ကြည့်ပါ။

> "မိမိ ဘုန်းအသရေ၊ လူ့ ကယ်တင်ခြင်း၊ ယုံကြည်ခြင်းနှင့် အသက်တို့အတွက်
> လိုအပ်သမျှအားလုံးနှင့် ပတ်သက်သည့် ဘုရားသခင့်
> အကြံအစည်တော်တစ်ခုလုံးကို သမ္မာကျမ်းစာတွင် အတိအလင်း ချပြထားသည်

> သို့မဟုတ် ခိုင်လုံပြီး မရှိမဖြစ်သည့် အကျိုးရလာဒ်ကို သမ္မာကျမ်းစာမှ ဆင်ခြင်ထုတ်ယူနိုင်သည်"

ဤနေရာတွင် ဘုရားသခင့် ဘုန်းတော်နှင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်း၊ ယုံကြည်ခြင်း၊ အသက်တရားတို့အတွက် မရှိမဖြစ်လိုအပ်သမျှ အရာရာကို ရှာတွေ့နိုင်မည့် နည်းလမ်းနှစ်ခု ရှိနေကြောင်း သတိပြုပါ။ တစ်ဖက်တွင် အဆိုပါမှန်ကန်မှုတို့အား သမ္မာကျမ်းစာထဲ ရှင်းရှင်းချပြထားနိုင်သည်။ ဆိုလိုသည်မှာ အချို့သော သမ္မာတရား အချက်အလက်တို့အား ကျမ်းစာထဲတွင် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။ သို့သော် တစ်ဖက်တွင်မူ အခြားသော အရေးပါသည့် ခရစ်ယာန်ဩဝါဒတို့အား "ခိုင်လုံပြီး မရှိမဖြစ်သည့် အကျိုးရလာဒ်ကို သမ္မာကျမ်းစာမှ ဆင်ခြင် ထုတ်ယူနိုင်သည်" ဟု ဆိုထားသည်။ ဤဖော်ပြချက်က ပရိုတက်စတင့်ဓမ္မပညာ၌ ကြောင်းကျိုးဆင်ခြင်မှု သို့မဟုတ် ယုတ္တိဗေဒ၏ ကဏ္ဍကို အကြီးအကျယ် အရေးပါစေသည်။ အဆိုပါ ပရိုတက်စ်တင့် ဓမ္မပညာရှင်တို့ သူတို့အလုပ်ကို လုပ်ဆောင်ကြသည့်အခါ သမ္မာကျမ်းစာထဲက သွယ်ဝိုက်ကောက်ချက်များကို ဆွဲထုတ်နိုင်ဖို့ ကြောင်းကျိုးဆင်ခြင်မှုနှင့် ယုတ္တိဗေဒတို့ကို သုံးခဲ့ကြသည်။ ဤနည်းအားဖြင့် ဝက်စ်မင်စတာ ဝန်ခံချက်သည် အစောပိုင်းကာလပုံစံများအတိုင်း တသွေမတိမ်း လိုက်လိုသည့် အလားအလာကို ပြနေသည်။

ထိုမျှမက ဤယုံကြည်ခြင်း ဝန်ခံချက်ကို ခြုံငုံထားသော ဖွဲ့စည်းပုံသည်လည်း အထက်အရပ်မှ ဓမ္မပညာ၏ ဦးစားပေးချက်များကို ပြနေသည်။ *ဝန်ခံချက်* ၏ အခန်းများသည်လည်း ဤအစီအစဉ်ကို လိုက်နာကြသည်။ "သမ္မာကျမ်းစာကို ဝန်ခံခြင်း" ဟု ခေါင်းစဉ်ပေးထားသော အစပြုသည့်အခန်းပြီးသည့်နောက် အခန်း ၃ နှင့် ၄ တို့သည် ဘုရားသခင် ကိုယ်တော်တိုင် တည်းဟူသော အမြင့်ဆုံး ဝိညာဉ်ရေး မှန်ကန်မှုအပေါ် စူးစိုက်ထားကြသည်။ ထို့နောက်မှ အခန်းကြီး ၄ နှင့် ၅ တို့က ဖန်ဆင်းခြင်းကို ရှင်းပြသည်။ နောက်ပိုင်း၌ လောက သို့မဟုတ် မြေကြီးပေါ်က အကြောင်းအရာများဆီ ဆက်သွားကာ အခန်း ၆ မှ ၁၇ အတွင်းသည် အပြစ်ထဲသို့ လူသားမျိုးနွယ်ကျဆင်းမှုနှင့် အကျိုးဆက်ဖြစ်သည့် ရွေးနုတ်ခြင်းအကြောင်းတို့ကို ကိုင်တွယ်ထားသည်။ ထို့နောက်မှ အခန်း ၁၈ မှ ၃၁ အတွင်း ပိုမိုလက်တွေ့ကျသည့် အရေးအရာများဖြစ်သော အသင်းတော်နှင့် ခရစ်ယာန် အသက်တာတို့ကို ရှင်းပြထားသည်။ အဆုံးသတ်အားဖြင့် အခန်း ၃၂ နှင့် ၃၃ တို့သည် လူ့သမိုင်းကြောင်း အဆုံးသတ်ကို ဖြေရှင်းထားသည်။

ဤဖွဲ့စည်းပုံထဲမှာ ပြထားသည့် ဓမ္မပညာဆိုင်ရာ ဦးစားပေးချက်တို့သည် စံပရိုတက်စတင့်ဝန်ခံချက်များနှင့် အမေးအဖြေတို့၏ လက္ခဏာကို ထင်ဟပ်နေကြသည်။

အစောပိုင်းကာလ ပရိုတက်စတင့် ဓမ္မပညာနှင့် စံပရိုတက်စတင့် ဝန်ခံချက်များအတိုင်း လိုက်လိုသည့် ဤ ယေဘုယျ အလားအလာများ အရ ခေတ်သစ် စနစ်ကျဓမ္မပညာသည်လည်း အလားတူ အလားအလာများအတိုင်း ခရီးဆက်ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## ခေတ်သစ် စနစ်ကျ ဓမ္မပညာ

သာဓကပြရလျှင် ၁၇၉၇ မှ ၁၈၇၈ ထိ နေခဲ့သည့် ပရင်စတန် ဓမ္မတက္ကသိုလ်မှ ချားလ်စ် ဟော့ဂျ်၏ စနစ်ကျ ဓမ္မပညာကို ကြည့်ပါ။ သူ့ စနစ်ကျ ဓမ္မပညာတလျှောက်လုံးတွင် အစဉ်အလာဝေါဟာရများကို အသုံးပြု၍ အဆိုပြုချက်များအပေါ် အားပြုပြီး အသေအချာပြင်ဆင်ထားသည့် တြိယုတ္တိဆင်ခြေများဖြင့် သူ့အဆိုကို တည်ဆောက်ကာ အထက်အရပ်မှ ဓမ္မပညာ၏ ဦးစားပေးချက်များအတိုင်း လိုက်နာရာ၌လည်း ကြောင်းကျိုးပြမှုနှင့် ယုတ္တိဗေဒတို့ကို အဓိကအခန်းကဏ္ဍမှာ သူ ထားရှိခဲ့သည်။

တစ်ဖက်တွင် ဟော့ဂျ်သည် အလယ်ခေတ် ကျောင်းတော် ဓမ္မပညာနှင့် အစောပိုင်း ပရိုတက်စတင့်များ၏ စံနှုန်းတို့ထက်ကျော်လွန်၍ ဓမ္မပညာအတွင်း ကြောင်းကျိုးပြမှု၏ ကဏ္ဍကို ထောက်ခံသမှုပြုခဲ့သည်။ ယနေ့ခေတ် သိပ္ပံပညာရှင်တို့နှင့် ပုံစံတူညီသည့် သူတို့၏ စည်းကမ်းများအတိုင်း ဓမ္မပညာရှင်တို့ မည်သို့ လိုက်နာရမည်ကို သူရှင်းပြပုံအား နားထောင်ကြည့်ပါ။ စာစောင် ၁၊ အခန်း ၁၊ အပိုင်း ၅ ထဲက စနစ်ကျ ဓမ္မပညာထဲတွင် ဤစကားလုံးများကို သူရေးခဲ့သည်-

> သိပ္ပံသမားသည် သဘာဝကို လေ့လာရာတွင် ယူဆချက်အချို့နှင့် အစပြုသည်။ သူ့အာရုံခံစားသိမှတ်မှုတို့ကို သူ ယုံကြည်ကိုးစားနိုင်သည်ဟု သူယူဆသည်။ သူ့စိတ်အလုပ်လုပ်ပုံတို့အပေါ် သူ ယုံကြည်စိတ်ချနိုင်ကြောင်းကိုလည်း သူစွဲမှတ်ထားရမည် ဖြစ်သည်။ အတွေ့အကြုံအရ သင်ယူထားခြင်း မဟုတ်သည့် အဆိုပါ မှန်ကန်မှုတို့ သေချာရေရာမှုရှိသည့်အပေါ်မှာလည်း သူအားကိုးရမည် ဖြစ်သည်။ အကျိုးသက်ရောက်မှုတိုင်းသည် တန်ပြန်သက်ရောက်မှု ရှိရပေလိမ့်မည်။

သူတို့ခေတ်က သဘာဝသိပ္ပံတို့ကို မည်သို့နားလည်ထားကြကြောင်း ဖော်ပြပြီးစီးသည့်နောက် စနစ်ကျဓမ္မပညာရှင်တို့အကြောင်း စကားတစ်ခွန်းကို ဟော့ဂျ် က ထပ်လောင်းပြောဆိုခဲ့သည်။

> သမ္မာကျမ်းနှင့် ဓမ္မပညာဆက်နွယ်မှုပုံသည် သဘာဝလောကကြီးနှင့် သိပ္ပံသမားတို့ ဆက်နွယ်ပုံအတိုင်း ဖြစ်သည်။ ၎င်းသည် သူ၏ အချက်အလက်သိထားရာ ကျီ ဖြစ်သည်။ သမ္မာကျမ်းစာ သွန်သင်ချက်ဖြစ်ကြောင်း သေချာအောင် သူပြုသည့်နည်းသည် သဘာဝလောကကြီးက သွန်သင်နေသည့်အချက်များအား သဘာဝအတွေးအခေါ်ရှင်များက သေချာအောင် မှီငြမ်းအသုံးပြုသည့် အတိုင်းဖြစ်သည်။

ထို့ကြောင့် သူ့ခေတ်ကာလက ခေတ်သစ်သိပ္ပံ၏ စနစ်များနှင့်အညီ ကြောင်းကျိုးပြခြင်းနှင့် ယုတ္တိဗေဒ ရှုမြင်နားလည်ပုံတို့ကို ဟော့ဂျ်က ပြုပြင်ခဲ့သော်လည်း စနစ်ကျ ဓမ္မပညာရှင်တစ်ပါး အနေဖြင့် ကြောင်းကျိုးပြခြင်းနှင့် ယုတ္တိဗေဒတို့အား ဓမ္မပညာတည်ဆောက်ရန် အဓိကကျသော

တန်ဆာပလာများအဖြစ် ကာလရှည်ကြာ ရှုမြင်သည့် အစဉ်အလာအတိုင်း သူရပ်တည်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။

အခြားတစ်ဖက်တွင်လည်း ဟော့ဂျ်၏ စနစ်ကျ ဓမ္မပညာသည် အထက်အရပ်မှ ဓမ္မပညာ၏ ဦးစားပေးချက်ကိုလည်း လိုက်နာခဲ့သည်။ သူ့စနစ်ကျ ဓမ္မပညာကို အပေါ် ရုံကြည့်ရုံမျှနှင့် သူ့ခရစ်ယာန် ဓမ္မပညာ အကျဉ်းချုပ်ကို ခြုံငုံသော ဖွဲ့စည်းပုံကို တွေ့နိုင်သည်။

သူ့ စနစ်ကျဓမ္မပညာ သည် မိတ်ဆက်နိဒါန်းနှင့် အစချီပြီး ထို့နောက်တွင် ဘုရားသခင်အကြောင်း သွန်သင်ချက် ခေါင်းစဉ် ဖြစ်သည့် အပိုင်းတစ် က နောက်မှလိုက်သည်။ "ဘုရားသခင်ဆိုင်ရာအယူဝါဒ" ၏ နေရာတွင် ဘုရားသခင်ကိုယ်တိုင်၏ အကြောင်းကို သူဆွေးနွေးသည်။ အပိုင်း နှစ် ကို "လူသားဆိုင်ရာ အယူဝါဒ" ဟု ခေါင်းစဉ်ပေးထားပြီး ချိန်ခွင်ပါ ဦးစားပေးမှုများအတိုင်း လူသားမျိုးနွယ်ဆီသို့ ဆင်းလာသည်။ ထို့နောက်၌ အပိုင်း သုံး ဖြစ်သည့် "ကယ်တင်ခြင်းဆိုင်ရာ အယူဝါဒ" လိုက်လာပြီး အမြင့်ဆုံး သဘော အယူအဆဖြစ်သည့် ခရစ်တော်၌ ဘုရားသခင့် လုပ်ဆောင်ချက်နှင့် စတင်ကာ လူတို့ဘဝအတွင်း ကယ်တင်ခြင်းကို လက်တွေ့ အသုံးချမှုသို့ ဆင်းသွားလျက် ထို့နောက်တွင် လက်တွေ့ကျသော ကျေးဇူးတော်မစမှု နည်းလမ်းများဆီသို့ ရောက်ရှိသည်။ ထို့ပြင် အစဉ်အလာ အစီအစဉ်ကို လိုက်နာရင်း အပိုင်း လေး၌ "နောက်ဆုံးသောကာလဆိုင်ရာ အယူဝါဒ" သို့မဟုတ် နောက်ဆုံးသောကာလ အကြောင်းနှင့် သူ့ဓမ္မပညာကို အဆုံးသတ်သည်။

ထို့ကြောင့် ခေတ်ကာလတိုင်း၌ သစ္စာရှိသော ခရစ်ယာန်တို့က သမ္မာကျမ်းစာအပေါ် ဆက်လက်ဝန်ခံနေစဉ်မှာပင် တပါးအမျိုးသားများ ပြောင်းလဲရေးအတွက် ယင်းတို့နေထိုင်သက်ရှင်သည့် ယဉ်ကျေးမှုအတွင်း သင့်တော်လျောက်ပတ်သည့် ပုံစံများဖြင့် သမ္မာကျမ်း သွန်သင်ချက်တို့ကို ၎င်းတို့ ဖော်ပြခဲ့ကြသည်။

ယခုတွင် စနစ်ကျဓမ္မပညာသည် ခရစ်ယာန် ဓမ္မပညာကို ဖော်ပြရာ အဓိကလမ်းကြောင်းတစ်ခု အဖြစ် မည်သို့ ပြောင်းလဲတိုးတက်လာကြောင်း ကျွန်ုပ်တို့ ဇစ်မြစ်လိုက်ခဲ့ပြီး ဖြစ်၍ ကျွန်ုပ်တို့၏ တတိယမြောက် အဓိကကျသည့် ခေါင်းစဉ်ဖြစ်သည့် စနစ်ကျဓမ္မပညာ၏ အကျိုးကျေးဇူးများနှင့် အန္တရာယ်များဆီ လှည့်ကြပါစို့။ နောက်လာမည့် သင်ခန်းစာများတွင် အဆိုပါ အရေးအရာတို့ကို ကျွန်ုပ်တို့ ပိုမို အသေးစိတ် လေ့လာကြပါမည်။ ထို့ကြောင့် ဤနေရာ၌ ယေဘုယျအလေးဂရုပြုချက် အနည်းငယ်မျှကိုသာ ကျွန်ုပ်တို့ ကန့်သတ် လေ့လာကြပါမည်။

# အကျိုးကျေးဇူးများနှင့် အန္တရာယ်များ

စနစ်ကျဓမ္မပညာ၏ အပြုသဘောနှင့် အနုတ်သဘောဆောင်သည့် သွင်ပြင်လက္ခဏာအချို့ကို တွေ့မြင်ရန်အတွက် ဓမ္မပညာတည်ဆောက်ခြင်းအား အခြားသောသင်ခန်းစာများထဲ၌ ကျွန်ုပ်တို့ မည်သို့ဖော်ပြခဲ့ကြောင်း ပြန်အမှတ်ရရန် လိုပါသည်။ ခရစ်ယာန် ဓမ္မပညာကို ကျွန်ုပ်တို့တည်ဆောက်သည့်အခါ ကျွန်ုပ်တို့ ထုတ်ယူရမည့် အဓိကအရင်းအမြစ်သုံးခုကို

ဘုရားသခင်ပေးထားပြီး ဖြစ်သည်ဆိုသည့်အချက်အား ကျွန်ုပ်တို့ မည်သို့ပြဆိုခဲ့ကြောင်း သင် ပြန်အမှတ်ရပါလိမ့်မည်။ သမ္မာကျမ်းစာကို မူရင်း ဘာသာစကားအတိုင်း အနက်ဖွင့်ခြင်းသည် သီးသန့် ဗျာဒိတ်ဖွင့်ပြချက်အပေါ် ကျွန်ုပ်တို့ စူးစိုက်ရာနည်းလမ်းဖြစ်ပြီး အခြားသော အရင်းအမြစ်နှစ်ခုမှာမူ အရာရာတို့အားဖြင့် ဘုရားသခင့် ယေဘုယျ ဗျာဒိတ် ဖွင့်ပြချက်အပေါ် ပိုမိုစူးစိုက်သည်။ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်းသည် ယေဘုယျဖွင့်ပြချက်၏ အလွန်အရေးပါသောနယ်ပယ် လေ့လာနိုင်ခွင့်ကို ကျွန်ုပ်တို့ အားပေးသည်။ ထို့ပြင် ခရစ်ယာန်အသက်ရှင်ခြင်းကလည်း ယေဘုယျဖွင့်ပြချက်၏ အရေးကြီးသော အခြားနယ်ပယ်များထံ ကျွန်ုပ်တို့ကို အာရုံစိုက်စေသည်။ ၎င်းတို့မှာ ခရစ်တော်အတွက် အသက်ရှင်သည့် အတွေ့အကြုံများအားဖြင့်၎င်း၊ အပြစ်ကို ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့် ဝိညာဉ်တော်၌ လျှောက်လှမ်းခြင်းတို့အားဖြင့်၎င်း ကျွန်ုပ်တို့ သင်ယူသော အရာများ ဖြစ်ကြသည်။ အဆိုပါ ဓမ္မပညာ အရင်းအမြစ် သုံးခုတို့သည် ကိုယ်တော်၏ ဗျာဒိတ်ဖွင့်ပြချက်ကို နားလည်စေရန်နှင့် ခရစ်ယာန် ဓမ္မပညာ တည်ဆောက်ရန် ဘုရားသခင့်လူတို့အား သန့်ရှင်းသော ဝိညာဉ်တော်က လမ်းပြခေါ်ဆောင်ရာ ပုံမှန်နည်းလမ်းများ ဖြစ်ကြသည်။

အဆိုပါ ဓမ္မပညာဆိုင်ရာ အရင်းအမြစ် သုံးခုတို့သည် ကျွန်ုပ်တို့မှာ ရှိသည့် သီးသန့်ယုံကြည်ချက်များအပေါ် ကျွန်ုပ်တို့ခွင့်ပြုသင့်သည့် စိတ်ချမှုရေချိန်များကို တိုင်းတာအကဲဖြတ်ရန် ထောက်ကူကြောင်းကိုလည်း သင်ပြန်အမှတ်ရပါလိမ့်မည်။ ကျမ်းစာကို မူရင်းဘာသာစကားအတိုင်း အနက်ဖွင့်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်းများနှင့် ခရစ်ယာန် အသက်ရှင်ခြင်းတို့အကြား အချင်းချင်း သဟဇာတဖြစ်မှုသက်သေတို့သည် အရေးကိစ္စတစ်ခုအပေါ် ဩဇာလွှမ်းမိုးလာသည့်အခါ အဆိုပါ ကိစ္စနှင့် စပ်လျဉ်းသော ကျွန်ုပ်တို့၏ ဝန်ခံအပ်နှံမှုနှင့် စိတ်ချမှုတို့သည်လည်း သာမန်အားဖြင့် ကြီးပွားလာရပေသည်။ သို့သော် အဆိုပါ သက်သေများ မညီမညွတ်ဖြစ်လျက် အရေးပါမှုကို မပေးနိုင်သည့်အခါ စဉ်းစားနေသည့် အကြောင်းအရာတစ်ခုအတွက် ကျွန်ုပ်တို့၏ ဝန်ခံအပ်နှံမှုနှင့် စိတ်ချမှုတို့သည်လည်း အထိုက်အလျောက် လျော့နည်းရတော့သည်။ မူရင်း ဘာသာစကားအရ အနက်ဖွင့်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းနှင့် ခရစ်ယာန် အသက်ရှင်ခြင်းတို့သည် ဓမ္မပညာတည်ဆောက်ရာ၌ အလွန်ပင် အရေးပါသောကဏ္ဍများ ဖြစ်ရကား အဆိုပါ အရင်းအမြစ်တစ်ခုစီနှင့် စနစ်ကျဓမ္မပညာရှင်တို့ မည်သို့ ပတ်သက်ဆက်ဆံမှုရှိကြောင်း မေးခွန်းထုတ်ခြင်းဖြင့် စနစ်ကျ ဓမ္မပညာ၏ အကျိုးကျေးဇူးနှင့် အန္တရာယ်များအပေါ် ထူးခြားအရေးပါသည့် အကဲဖြတ်မှုများကို ကျွန်ုပ်တို့ လုပ်ဆောင်နိုင်ကြသည်။ ဘုရားသခင် ပေးကမ်းထားပြီးဖြစ်သည့် အရင်းအမြစ်သုံးခုကို ကျွန်ုပ်တို့ အသုံးပြုနိုင်စွမ်းအား စနစ်ကျဓမ္မပညာက မည်သို့ အားပေးမှု၊ ဟန့်တားမှု ပြုပါသနည်း။

ပထမအားဖြင့် ခရစ်ယာန်အသက်ရှင်ခြင်းနှင့် စနစ်ကျဓမ္မပညာရှင်တို့ အကြား၊ ဒုတိယအားဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုနှင့် စနစ်ကျဓမ္မပညာရှင်တို့အကြား၊ တတိယအားဖြင့် မူရင်းဘာသာစကားအရ အနက်ဖွင့်ခြင်းနှင့် စနစ်ကျဓမ္မပညာရှင်တို့အကြား ဆက်စပ်မှုများကို ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ပထမအားဖြင့် စနစ်ကျဓမ္မပညာရှင်တို့၌



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်အသက်ရှင်ခြင်းအပေါ် အပြုသဘောနှင့် အနုတ်သဘော သက်ရောက်မှု နှစ်မျိုးလုံး မည်သို့ရှိနေကြောင်း စဉ်းစားကြပါစို့။

## ခရစ်ယာန်အသက်ရှင်ခြင်း

ခရစ်ယာန် အသက်ရှင်ခြင်း၏ အရင်းအမြစ်အား ပုံစံမျိုးစုံဖြင့် ဖော်ပြနိုင်သော်လည်း ၎င်း၏ လုပ်ဆောင်ပုံအား ရှေ့လာမည့် သင်ခန်းစာများထဲ၌ ပိုမိုနှံ့စပ်စွာ ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ဤနေရာတွင် ခရစ်ယာန် အသက်ရှင်ခြင်း အရင်းအမြစ်၏ လျှပ်တစ်ပြက် အကျဉ်းချုပ်ဖော်ပြချက်ကိုသာ ကျွန်ုပ်တို့ ပေးပါမည်။ ကျွန်ုပ်တို့၏ လေ့လာမှုအတွင်း ခရစ်ယာန်အသက်ရှင်ခြင်းအား ကျွန်ုပ်တို့၏ သန့်ရှင်းခြင်း၊ ဆက်စပ်နယ်ပယ်သုံးရပ်အတွင်း သန့်ရှင်းမှု၌ ကျွန်ုပ်တို့၏ ကြီးပွားခြင်းတို့ ပါဝင်ပတ်သက်သည့်အနေဖြင့် ပြောဆိုကြပါမည်။ တွေးခေါ် ယူဆမှု ဆိုင်ရာ အဆင့်၊ ပြုမူကျင့်ကြံမှုဆိုင်ရာအဆင့်နှင့် စိတ်ခံစားမှုဆိုင်ရာအဆင့်များတွင် ကျွန်ုပ်တို့ သန့်ရှင်းခြင်း ရှိကြရပါမည်။ တနည်းဆိုလျှင် ကျွန်ုပ်တို့၏ အတွေးများသည် ဘုရားသခင့် အလိုတော်နှင့် ညီရပါမည်။ ကျွန်ုပ်တို့၏ အပြုအမူတို့သည်လည်း ဘုရားသခင့်အလိုတော်နှင့် ညီရပါမည်။ ထို့ပြင် ကျွန်ုပ်တို့၏ ခံစားချက်များသည်လည်း ဘုရားသခင့် အလိုတော်နှင့် ညီရမည် ဖြစ်ပါသည်။ အဆိုပါ ခရစ်ယာန် နယ်ပယ်သုံးရပ်အား ခရစ်ယာန် အသက်ရှင်ခြင်းဆိုင်ရာ အခြေခံယုံကြည်ချက်၊ အခြေခံကျင့်ထုံး၊ အခြေခံ ရသခံစားမှုများအဖြစ် ကျွန်ုပ်တို့ ပြောဆိုခဲ့ကြပြီး ဖြစ်ပါသည်။

ခရစ်ယာန်အသက်ရှင်ခြင်း၏ အဆိုပါ နယ်ပယ် သုံးရပ်မှ ကျွန်ုပ်တို့၏ အကျိုးကျေးဇူးခံစားနိုင်စွမ်းကို ဓမ္မပညာက အားပေး မြှင့်တင်သည့် သို့မဟုတ် ဟန့်တားသည့် အရေးကြီးသော နည်းလမ်းများစွာ ရှိသည်။ ပထမအားဖြင့် စနစ်ကျဓမ္မပညာရှင်တို့က ခရစ်ယာန်အသက်ရှင်ခြင်းအား ဓမ္မပညာအရင်းအမြစ်အဖြစ် မည်သို့အားပေးမြှင့်တင်ကြောင်း အပြုသဘောဆောင်သည့်ဖက်ကို ကြည့်ကြပါစို့။

### အားပေးမြှင့်တင်မှု

အပြုသဘောဆောင်သည့်ဖက်တွင် စနစ်ကျဓမ္မပညာသည် သီးသန့်အားဖြင့် ခရစ်ယာန် အခြေခံယုံကြည်ခြင်း နယ်ပယ်၌ အားသန်သည်။ နေ့စဉ်ကျွန်ုပ်တို့ ဘဝ၌ ရင်ဆိုင်ရသည့် အရေးအရာများကို မှန်ကန်စွာတွေးခေါ်ဆင်ခြင်နိုင်ရန်အတွက် သဘောတရားဆိုင်ရာမူဘောင် တစ်ခု၊ စနစ်ကျသောတွေးခေါ် ပုံတစ်ခုကို ကျွန်ုပ်တို့အား ပေးကမ်းသည်။ နေ့စဉ် ခရစ်တော်အတွက် အသက်ရှင်ရန် ကျွန်ုပ်တို့ ရှာကြံသည်နှင့်အမျှ ယုတ္တိရှိပြီး ကြောင်းကျိုးညီညွတ်သော အမြင်၊ ဘုရားသခင်၊ ကျွန်ုပ်တို့ဝန်းကျင်ရှိလောကကြီးနှင့် ကျွန်ုပ်တို့ကိုယ်တိုင်၏ ရှေ့နောက်ညီညွတ်ပြီး တည်တံ့သော အမြင်တို့မှ ကျွန်ုပ်တို့ ကောက်ချက်ဆွဲမှုကို တောင်းဆိုသည့် အခြေအနေများကို ကျွန်ုပ်တို့ မကြာခဏ ကြုံကြရသည်။ စနစ်ကျဓမ္မပညာသည် အဆိုပါ ဘဝအမြင်တို့ကို ကျွန်ုပ်တို့ရှာတွေ့နိုင်မည့် အရေးအကြီးဆုံး နည်းလမ်းတစ်ခုဖြစ်သည်။ အဆက်အစပ်ကင်းသော ယုံကြည်ချက်များသာ ကျွန်ုပ်တို့မှာ ရှိနေပါက ကျွန်ုပ်တို့၏ အခြေအနေများကို ကျွန်ုပ်တို့ သုံးသပ်ရန်၊ ကျွန်ုပ်တို့

ဘဝမေးခွန်းများကို အဖြေရှာရန်၊ သို့မဟုတ် ဘုရားသခင်ကို ရိုသေရာရောက်သည့် ရွေးချယ်မှုများကို ပြုလုပ်ရန် ကျွန်ုပ်တို့ အဆင်သင့် မဖြစ်ကြပါ။

တစ်ခါက ဆေးရုံတက်နေသော သူငယ်ချင်းတစ်ဦးထံ ကျွန်ုပ်သွားတွေ့ခဲ့သည်ကို သတိရမိပါသည်။ သူအလွန်ဖျားနေသဖြင့် များစွာဆုတောင်းရန် လိုအပ်နေခဲ့သည်။ ဘုရားသခင်မစဖို့ ဆုတောင်းရဲ့လားဟု သူ့ကို မေးရာ မတောင်းဘူး ဟု ပြောသည်။ သူ့အဖြေကြောင့် ကျွန်ုပ် တုန်လှုပ်သွားပြီး အကြောင်းရင်းကို မေးပါသည်။ ထို့ကြောင့် သူရှင်းပြပါသည်။ "ဘုရားသခင့် ပိုင်သအုပ်စိုးမှုကို ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့် ဆုတောင်းရင်လည်း မထူးဖူးဆိုတာ ကျွန်တော်သိနေပါတယ်"

ကျွန်တော့်သူငယ်ချင်းမှာ ဘာဖြစ်ခဲ့ပါသနည်း။ ထောင့်ပေါင်းစုံမှကြည့်လျှင် သူကိုင်စွဲထားသည့် ခရစ်ယာန် ဓမ္မပညာ အပိုင်းအစကလေးတစ်ခုကို ခရစ်ယာန် ဓမ္မပညာတစ်ခုလုံး အဖြစ်နှင့် သူယူဆထားခဲ့ခြင်း ဖြစ်သည်။ လူ့သမိုင်းကို ဘုရားသခင် ပိုင်သအုပ်စိုးနေကြောင်း၊ ဘုရားသခင်သည် လုံးလုံးလျားလျား စိုးပိုင်ကြောင်း သူမှန်ကန်စွာ နားလည်သည်။ သို့သော် ဆုတောင်းခြင်းကို နည်းလမ်းအဖြစ် အသုံးပြုခြင်း၊ ဘုရားသခင်သည် မိမိစိုးပိုင်မှုအတွင်း အကြံအစည်များကို အကောင်အထည်ဖော်ရာတွင် ဆုတောင်းခြင်းကို အသုံးပြုခြင်းတို့လို အခြားသော ခရစ်ယာန်ယုံကြည်ခြင်း သမ္မာတရားတို့နှင့် ထိုအချက်အား မည်သို့ ချိတ်ဆက်ရမည် ဆိုသည်ကို ကျွန်ုပ်၏ သူငယ်ချင်း မသိခဲ့ပါ။

ဘုရားသခင့် ပိုင်သအုပ်စိုးခြင်းသည် ဆုတောင်းခြင်း လိုအပ်မှုကို မပစ်ပယ်ပါ။ ၎င်းသည် အမှန်စင်စစ်ဆုတောင်းခြင်းအတွက် ယုတ္တိရှိသော အခြေခံပင် ဖြစ်တော့သည်။ ဘုရားသခင် ပိုင်သအုပ်စိုး *သောကြောင့်* ကျွန်ုပ်တို့ ဆုတောင်းရခြင်း ဖြစ်သည်။ ကိုယ်တော် ထိန်းချုပ်နေ *သောကြောင့်* ကိုယ်တော်ထံမှ မစမှုရရန် ကိုယ်တော်ထံ ကျွန်ုပ်တို့ လှည့်လာရခြင်း ဖြစ်သည်။ ဘုရားသခင် ထိန်းချုပ်မနေပါက မစမှုအတွက် တစ်ဦးဦးထံ ကျွန်ုပ်တို့ လှည့်ရပါလိမ့်မည်။ အဆိုပါအချက်တို့ကို ကျွန်ုပ်၏ သူငယ်ချင်းသိခဲ့ပြီး ဖြစ်မည်ဆိုပါက၊ စနစ်ကျဓမ္မပညာ၌ သွန်သင်ခံခဲ့ပြီး ဖြစ်ပါက၊ ဆုတောင်းခြင်းနှင့် ဘုရားသခင့် ပိုင်သအုပ်စိုးခြင်းတို့ကြား ဆက်နွယ်မှုကို နားလည်ခဲ့ပြီး ဖြစ်ပါက၊ ခက်ခဲသော ယင်း တွေ့ကြုံမှုအတွင်း ခရစ်ယာန်အသက်တာရှင်သန်ရန် ပိုကောင်းသည့် ပြင်ဆင်မှု ရှိနှင့်ပြီးသား ဖြစ်နေလိမ့်မည် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် စနစ်ကျဓမ္မပညာသည် ခရစ်ယာန် အခြေခံယုံကြည်ခြင်းအတွက် အပြုသဘောဆောင်သလောက် ၎င်းအပေါ် မျှော်လင့်ချက်လွန်ကဲပါကလည်း ခရစ်ယာန်အသက်ရှင်ခြင်းကို ဟန့်တားနိုင်ပြန်သည်။

## အဟန့်အတားများ

စနစ်ကျဓမ္မပညာသည် ခရစ်ယာန် ယုံကြည်ခြင်းအပေါ် အသေအချာဆင်ခြင် သုံးသပ်မှုဆီ ကျွန်ုပ်တို့အား အာရုံစိုက်စေသည်။ ဤအရာသည် အလွန်ပင် အရေးကြီးသည်။ သို့သော် ယုတ္တိတန်သော စနစ်အတွင်း ကျွန်ုပ်တို့၏ ယုံကြည်ချက်များကို ထည့်သွင်းမှုက ကျွန်ုပ်တို့အတွင်း အလွန်အမင်း

နေရာယူလာသည့်အခါ အခြားသော ခရစ်ယာန် အသက်ရှင်ခြင်း ရှုထောင့်များ၊ အထူးသဖြင့် အခြေခံ ကျင့်ထုံး ဖြစ်သည့် ဘုရားသခင့် အလိုတော်နှင့် အညီ ကျင့်ကြံပြုမူခြင်း၊ အခြေခံ ခံစားချက် ရသ ဖြစ်သည့် ဘုရားသခင့် အလိုတော်နှင့် အညီ စိတ်ခံစားလှုပ်ရှားခြင်း စသည်တို့ကို ကျွန်ုပ်တို့ ဥပေက္ခာပြုလာကြတော့သည်။

သာဓက ဆိုရလျှင် စနစ်ကျဓမ္မပညာ၌ အလွန်အမင်း ပါဝင်ပတ်သက်လာကြသော ခရစ်ယာန်တို့သည် မကြာခဏဆိုသလို ခရစ်ယာန် ယုံကြည်ခြင်း လက်တွေ့ကျင့်ဆောင်မှုနှင့် စိတ်ခံစားလှုပ်ရှားမှုများဆီ အာရုံစိုက်မှု လျော့ပါးလာကြသည်။ ဝတ်ပြုကိုးကွယ်ခြင်း၊ ကျေးဇူးတော်နည်းလမ်းများကို ကျင့်သုံးခြင်း၊ သူတပါးကို အစေခံခြင်း၊ အတွင်း ဗီဇစိတ်နှင့် စိတ်လှုပ်ရှားခံစားမှုအတွင်း သန့်ရှင်းသော ဝိညာဉ်တော် ဦးဆောင်ခြင်းကဲ့သို့သော အရာများကို ဘေးဖယ် လာကြတော့သည်။ ခရစ်ယာန် အသက်ရှင်ခြင်းကို သဘောတရားဆိုင်ရာကိစ္စများနှင့် အခြေခံယုံကြည်ခြင်း အဆင့်သို့ သူတို့ လျှော့ပေါ့ကြသည်။ ခရစ်ယာန် အသက်ရှင်ခြင်း၏ ပိုမိုလက်တွေ့ကျပြီး ပုဂ္ဂိုလ်ရေးဆန်သော မျက်နှာစာများကို ဖယ်ရှားလိုက်ကြသည်။ ကြောင်းကျိုးဆင်ခြင်သော စနစ်ကျဓမ္မပညာသည် အရေးကြီးသည်။ သို့သော် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ဩဝါဒစနစ်တစ်ခုမျှသာ မဟုတ်ပေ။ လက်တွေ့ကျင့်သုံးရမည့် လက်တွေ့ကျသည့် ယုံကြည်ခြင်း ဖြစ်ပြီး ပြုစုပျိုးထောင်ပေးရမည့် ပုဂ္ဂိုလ်ရေး ဆက်နွယ်မှုတစ်ခုလည်း ဖြစ်သည်။

ဓမ္မပညာကျောင်းသားတို့အသက်တာ၌ ဤပြဿနာမျိုး ကျွန်ုပ်ဖြေရှင်းခဲ့ရသည့် အကြိမ်အရေအတွက် မည်မျှများပြားခဲ့ကြောင်း ပြောပြရန်ပင် မတတ်နိုင်ပါ။ အသင်းတော် အတော်များများမှာ သင်းအုပ်ဖြစ်လာဖို့ ခေါ်ယူ ကမ်းလှမ်းခြင်း ခံရသည့် ကျောင်းသားတစ်ဦးကို ကျွန်ုပ်သတိရပါသည်။ မည်သို့ ရွေးချယ်ရမည်ကို မသိသဖြင့် သူ လွန်စွာစိတ်ပျက်လက်ပျက် ဖြစ်နေခဲ့သည်။ "စနစ်ကျဓမ္မပညာကို အတော်ကလေး ကျွန်တော် လိုက်စားပြီးခဲ့ပါပြီ။ ဒါပေမယ့် ကျွန်တော့် ဘဝမှာ တွေ့ကြုံသမျှ အရေးအကြီးဆုံး ရွေးချယ်မှုတွေထဲက ဒီလို လက်တွေ့ကျတဲ့ ကိစ္စတစ်ခုအတွက် အသုံးမဝင်သလို ဖြစ်နေတယ်" ဟု ကျွန်ုပ်ကို ပြောသည်။

> ထို့ကြောင့် "သန့်ရှင်းသော ဝိညာဉ်တော်က ခင်ဗျားကို ဘယ်လို လမ်းပြနေတယ်လို့ ခံစားသလဲ" ဟု သူ့ကို ကျွန်ုပ်မေးရသည်။ ဒီလို ရွေးချယ်မှုအတွက် အစာရှောင်ပြီး ဘယ်လောက် ခင်ဗျား ဆုတောင်းပြီးပြီလဲ" "ဘာလို့ ကျွန်တော် ဒီလို လုပ်ရမှာလဲ" သူပြန်ဖြေသည်။ "ဒါကို ကျွန်တော် ယုတ္တိရှိရှိနဲ့ စနစ်တကျ အဖြေရှာချင်ပါတယ်"

ကောင်းပါပြီ။ စနစ်ကျဓမ္မပညာကို ရည်ရွယ်ချက်ရှိရှိဖြင့် စိတ်အားကြီးစွာ လက်ခံတန်ဖိုးထားသော ခရစ်ယာန်တို့သည် ယုံကြည်ခြင်းကို လက်တွေ့ကျင့်သုံးရန်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ပုဂ္ဂိုလ်ရေး အမှုဆောင်မှုတို့ကို မကြခဏ ဥပေက္ခာပြုလာလေ့ရှိသည်။ ထို့ကြောင့် အနာဂတ် ခရစ်ယာန်အသက်ရှင်ခြင်းကိုလည်း ဤအရာက ဆိုးဆိုးရွားရွား အတားအဆီး ဖြစ်စေနိုင်သည်။

ကျွန်ုပ်တို့၏ ခရစ်ယာန် အသက်တာ ရှင်သန်နိုင်စွမ်းကို အားပေးမြှင့်တင်ခြင်း သို့မဟုတ် ပျောက်ကွယ်လျော့ပါးသွားစေခြင်းတို့အပြင် စနစ်ကျဓမ္မပညာရှင်တို့၌ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံရာ၌လည်း အပြုသဘောနှင့် အနှုတ်သဘောဆောင်သည့် သက်ရောက်မှုများလည်း ရှိကြသည်။ နောင်လာမည့် သင်ခန်းစာများအတွင်း လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုများအကြောင်း ပိုမိုကျနစွာ လေ့လာကြပါမည်။ ဤနေရာတွင်မူ ဤဓမ္မပညာအရင်းအမြစ်၏ အဓိကမောင်းနှင်အားများကို ဖော်ပြရုံသာ ပြုပါမည်။

# လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်း၌ အလေးဂရုပြုချက် သုံးခု ပါရှိနေသည့် သဘောစဉ်းစားခြင်းက အထောက်အကူ ဖြစ်စေပါသည်။ ယင်းတို့မှာ ကျွန်ုပ်တို့၏ ခရစ်ယာန် အမွေအနှစ်ဖြစ်သော အတိတ်ကာလ သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်သည့် နယ်ပယ်၊ ကျွန်ုပ်တို့၏ လက်ရှိလူ့အဖွဲ့အစည်းဖြစ်သော ယနေ့ ကျွန်ုပ်တို့နှင့် ခေတ်ပြိုင် ခရစ်ယာန်အဖွဲ့အစည်းအတွင်း သန့်ရှင်းသော ဝိညာဉ်တော် လမ်းပြသည့် နယ်ပယ်၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်စီရင်ဆုံးဖြတ်ချက် ဖြစ်သော လူ့အဖွဲ့အစည်းအတွင်း တစ်ဦးချင်းအပေါ် သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်သည့် နယ်ပယ်တို့ ဖြစ်ကြသည်။ အသင်းတော်သည် သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်ရာ အဓိကနယ်ပယ်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိသောကြောင့် ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထိတွေ့ ဆက်ဆံကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသော အခြားသူများ နှင့် အတူပူးပေါင်းလျက် ကျွန်ုပ်တို့၏ ဓမ္မပညာကို ကျွန်ုပ်တို့ တည်ဆောက်ဖို့ ခရစ်တော်က မျှော်လင့်သည်။

အဆိုပါ နယ်ပယ် သုံးခု တည်းဟူသော အမွေအနှစ်၊ လက်ရှိလူ့အဖွဲ့အစည်း၊ ကိုယ်ပိုင် စီရင်ဆုံးဖြတ်ချက်တို့ကို ထည့်သွင်းစဉ်းစားခြင်းက လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုကို မည်သို့ အားပေးမြှင့်တင်ကြောင်း သို့မဟုတ် ဟန့်တားကြောင်း ကျွန်ုပ်တို့အား မြင်လွယ်စေသည်။

## အားပေးမြှင့်တင်မှု

အခြားတစ်ဖက်တွင်လည်း လူ့အဖွဲ့အစည်းအတွက် စနစ်ကျဓမ္မပညာကပေးသည့် အကြီးကျယ်ဆုံး အကျိုးကျေးဇူးတစ်ခုမှာ အတိတ်က ခရစ်ယာန်များ သူတို့၏ ယုံကြည်ခြင်းကို မည်သို့နားလည်၍ မည်သို့ ရှင်သန်ခဲ့ကြသည် ဆိုသည့် ခရစ်ယာန်အမွေအနှစ်အပေါ် ကျွန်ုပ်တို့ စူးစိုက်ဖို့ အားပေးသည့် ပုံစံဖြစ်သည်။ စနစ်ကျဓမ္မပညာရှင်တို့သည် အတိတ်က ထင်ရှားသည့် အမျိုးသားများ၊ အမျိုးသမီးများတို့ ဓမ္မပညာ မည်သို့တည်ဆောက်ခဲ့သည်ကို အလေးထားလျက် ခရစ်တော်၏ အသင်းတော်ထံ သန့်ရှင်းသော ဝိညာဉ်တော် သွန်သင်ခဲ့ပြီးဖြစ်သည့် အရာများဆီ ဦးတည်ချက်ထားကာ ဓမ္မပညာတည်ဆောက်ကြသည်။ သို့ဖြစ်လျှင် ဤအကြောင်းကြောင့်ပင် အတိတ်က ခရစ်ယာန် လူ့အဖွဲ့အစည်းနှင့် ကျွန်ုပ်တို့ အပြန်အလှန် ထိတွေ့ဆက်ဆံနိုင်စွမ်းကို ၎င်းက အားပေးမြှင့်တင်ပေးနိုင်သည်။

ယနေ့ ကျွန်ုပ်တို့ကာလတွင် ဓမ္မပညာအား အလွန်ပင် ပုဂ္ဂိုလ်ရေးဆန်သည့် အရာအဖြစ် ခရစ်ယာန်အများစုက ရှုမြင်ကြသည်။ ခရစ်ယာန်များစွာအတွက် အမြင့်ဆုံး ဓမ္မပညာပန်းတိုင်သည် အခြားခရစ်ယာန်တို့ မည်သို့ယုံကြည်ထားကြသည်ကို များစွာ အမှုမထားဘဲ သူတို့အတွက်သာမှန်ကန်နေသည့် ဓမ္မပညာဖွဲ့စည်းရန်ဆိုသည့် ပုံပေါက်နေသည်။ ကောင်းပါပြီ။ ကျွန်ုပ်တို့၏ ဓမ္မပညာလေ့လာမှုသည် အစစ်အမှန်ဖြစ်ရမည် ဆိုသည့်သဘောအရ ရိုးသားစစ်မှန်စွာ ပုဂ္ဂိုလ်ရေးဆန်ဖို့ ခရစ်တော်က ကျွန်ုပ်တို့ကို တိုက်တွန်းထားသလို နှလုံးသားရှိသမျှနှင့် ကျွန်ုပ်တို့လုပ်ရန် လည်း ကိုယ်တော် အလိုရှိသည်။ သို့သော် ဓမ္မပညာကို ပုဂ္ဂိုလ်ရေးကိစ္စအနေနှင့် လေ့လာခြင်း သက်သက်သည် ခေတ်အဆက်ဆက် သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်ခြင်း ဆိုသည့် ဓမ္မပညာအတွက် ကျွန်ုပ်တို့ကို ဘုရားသခင်ပေးကမ်းတော်မူသော အကြွယ်ဝဆုံး အရင်းအမြစ်အချို့ကို ကျွန်ုပ်တို့အား ဆုံးရှုံးစေသည်။

ထို့ကြောင့် ယနေ့ ယုံကြည်သူများက အခြားသူတို့နှင့် အခါအားလျော်စွာ အပြန်အလှန် ထိတွေ့ဆက်ဆံသည့်အခါ ပုံမှန်အားဖြင့် လက်ရှိပစ္စုပ္ပန် လူ့အဖွဲ့အစည်းနှင့် လုပ်ဆောင်သည့် အဆင့်မှာ ရှိနေသည်။ ကျွန်ုပ်တို့နှင့် ခေတ်ပြိုင်လူတို့၏ စာအုပ်များကို ကျွန်ုပ်တို့ ဖတ်ရှုပြီး ဒေသနာများ၊ ပို့ချချက်များကို ကျွန်ုပ်တို့ နားဆင်ကြသည်။ သို့တစေ စနစ်ကျဓမ္မပညာသည် အတိတ်ကာလ အသင်းတော်ကို သန့်ရှင်းသော ဝိညာဉ်တော်က အံ့ဖွယ်နည်းများဖြင့် လမ်းပြခဲ့ပုံများဆီ ကျွန်ုပ်တို့ အာရုံစိုက်နိုင်ဖို့ ကူညီပေးသည်။

စနစ်ကျဓမ္မပညာရှင်တို့က ဤနည်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုကို အားပေးမြှင့်တင်ပေးနေစဉ် တစ်ချိန်တည်းမှာပင် အပြန်အလှန် ထိတွေ့ဆက်ဆံမှုဆီ ကျွန်ုပ်တို့အတွက် လမ်းဖွင့်ပေးပုံတို့၌ စနစ်ကျဓမ္မပညာမှာ အကန့်အသတ်ရှိနေပြန်သည်။

## အဟန့်အတားများ

စနစ်ကျဓမ္မပညာအပေါ် ကျွန်ုပ်တို့၏ အစဉ်အလာစူးစိုက်မှု လွန်ကဲသွားသည့်အခါ လက်ရှိလူ့အဖွဲ့အစည်းသို့ သန့်ရှင်းသော ဝိညာဉ်တော် မည်သို့ လမ်းပြနေသည်၊ ယနေ့ ကျွန်ုပ်တို့ကိုယ်ပိုင် စီရင်ဆုံးဖြတ်မှုများ၌ မည်သို့ ဖြည့်ဆည်းထောက်ကူပေးနေသည်တို့ကို ဥပေက္ခာပြုကာ မဆီမဆိုင်သည့်ဖက်သို့ ရောက်သွားနိုင်သည်။ အတိတ်ကာလ ဓမ္မပညာသည် အရေးကြီးသလောက် ယနေ့ကာလ အသင်းတော်သည် စိမ်ခေါ်မှုအသစ်များကိုကြုံနေရပြီး သန့်ရှင်းသော ဝိညာဉ်တော်ကလည်း အဆိုပါ စိမ်ခေါ်မှုများအား မည်သို့ကျော်လွှားရမည်ကို သွန်သင်နေဆဲဖြစ်သည်။

တစ်ခုသော တနင်္ဂနွေ အသင်းတော်ဝတ်ပြုမှာ တွေ့ခဲ့ရသည့် ကျွန်ုပ် သူငယ်ချင်းတစ်ယောက်ကို သတိရပါသည်။ မြို့တဖက်ရှိ အခြားအသင်းတော်တစ်ပါးက အသင်းသားဖြစ်သော်လည်း ထိုနေ့က ကျွန်ုပ်၏ အသင်းတော်မှာ ဝတ်ပြုလာပါဝင်ခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့ကို ကျွန်ုပ် မေးကြည့်သည်။ "ဒီနေ့ ဘာလို့ ဒီမှာရှိနေတာလဲ၊ ခင်ဗျားက တစ်ခြားအသင်းသား မဟုတ်ဖူးလား"

သူ့အဖြေက ပေါ်လွင်ပါသည်။ "သင်းအုပ်က စနစ်ကျဓမ္မပညာသင်ပေးခဲ့လို့ ကျွန်တော့်အသင်းတော်ကို ကျွန်တော်ချစ်ပါတယ်။ ခရစ်ယာန်တွေ ယုံကြည်သင့်တာတွေကိုလည်း

အများကြီး လေ့လာခဲ့ပြီးပါပြီ။ ဒါပေမယ့် ကျွန်တော့် အသင်းတော်ထဲမှာ ကျွန်တော် နေတာကြာလေလေ၊ ယနေ့ လက်တွေ့ ဘဝတွေနဲ့ ကင်းကွာလေဖြစ်တယ်လို့ ခံစားရတယ်" ဟု ပြန်ပြောသည်။

ဤသည်မှာ စနစ်ကျဓမ္မပညာကို ခရစ်ယာန်တို့ အလွန်အမင်း စိတ်အားထက်သန်လွန်းလာချိန်မှာ အမြဲတစေပေါ်တတ်သည့် ပြဿနာမျိုး ဖြစ်သည်။ ခရစ်ယာန် အမွေအနှစ်ကို သူတို့ အလွန်အမင်း အာရုံစိုက်ကြသဖြင့် ခေတ်ပြိုင် အရေးကိစ္စတို့ကို မည်သို့ဖြေရှင်းရမှန်း သူတို့ မသိလာကြတော့ပေ။ စနစ်ကျဓမ္မပညာသည် လက်ရှိပစ္စုပ္ပန် လူ့အဖွဲ့အစည်းနှင့် ကိုယ်ပိုင် စီရင်ဆုံးဖြတ်ချက်ချရသည့် ကိစ္စများအပေါ် အာရုံမစိုက်နိုင်အောင် မကြာခဏ ဟန့်တားတတ်သည်။

ခရစ်ယာန် အသက်ရှင်ခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းတို့အတွက် စနစ်ကျဓမ္မပညာက ကျွန်ုပ်တို့အား မည်သို့ ပြင်ဆင်လေ့ကျင့်ပေးကြောင်း စဉ်းစားခြင်းသည် အရေးကြီးသလို သမ္မာကျမ်းစာကို မူရင်းဘာသာစကားအရ အနက်ဖွင့်ခြင်း အပေါ်မှာလည်း ထူးခြားအရေးပါသည့် ဩဇာသက်ရောက်မှု ရှိနေသည်။

## သမ္မာကျမ်းစာကို မူရင်းဘာသာစကားအရ အနက်ဖွင့်ခြင်း

နောင်လာမည့် သင်ခန်းစာများအတွင်း မူရင်းဘာသာစကားအရ အနက်ဖွင့်ခြင်း အကြောင်း ပိုမိုအသေးစိတ်လေ့လာကြပါမည်။ သို့သော် ဤနေရာ၌ သန့်ရှင်းသော ဝိညာဉ်တော်က အသင်းတော်သို့ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအကြောင်း အဓိက သွန်သင်ရာနည်းလမ်းများကိုသာ ကျွန်ုပ်တို့ ပြည့်ဆွန်ကြပါမည်။ ယင်းတို့အား အခြေခံကျသော အတန်းအစား သုံးခုအဖြစ် အကျဉ်းချုပ်ပေးခြင်းက အထောက်အကူဖြစ်စေသည်။ ယင်းတို့မှာ စာပေအရေးအသား ဆိုင်ရာ ဆန်းစစ်မှု၊ သမိုင်းကြောင်း ဆိုင်ရာဆန်းစစ်မှုနှင့် အာဘော်ဆိုင်ရာ ဆန်းစစ်မှုတို့ ဖြစ်ကြသည်။ အဆိုပါ ဆန်းစစ်နည်း တစ်ခုစီတိုင်းသည် ထူးခြားသော ဖြည့်ဆည်းမှုများကို ပေးကြသော်လည်း တစ်ခုချင်းသည် အချင်းချင်းအပေါ် အပြန်အလှန် အမှီသဟဲ ပြုနေကြသည်။ ထို့ကြောင့် မူရင်းဘာသာစကားအရ အနက်ဖွင့်ရန်အတွက် စနစ်ကျဓမ္မပညာ၏ အကျိုးကျေးဇူးနှင့် အကန့်အသတ်ရှိပုံများကို ကျွန်ုပ်တို့ သုံးသပ်သည့်အခါ အနက်ဖွင့်ခြင်းသည် အဆိုပါ ဆန်းစစ်နည်း သုံးခုလုံး နှင့် မည်သို့ ဆက်စပ်သည်ကို ကျွန်ုပ်တို့ ဆွေးနွေးရန် လိုအပ်သည်။

**စာပေအရေးအသားဆိုင်ရာ ဆန်းစစ်မှု** စာပေအရေးအသားဆိုင်ရာ ဆန်းစစ်မှုသည် သမ္မာကျမ်းစာအား အခြေခံအားဖြင့် ရုပ်ပုံကားချပ်တစ်ခုအဖြစ် သို့မဟုတ် ပန်းချီကားတစ်ချပ် အဖြစ်ဖြင့် ကြည့်ရှုအနက်ဖွင့်သည့် နည်းစနစ် ဖြစ်သည်။ ဤအနက်ဖွင့်နည်းအား ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း လွန်စွာ အလေးပေးခဲ့ကြသည်။

ယေဘုယျဆိုရလျှင် သမရိုးကျစာပေနည်းလမ်းဖြင့် သူတို့၏ ပရိသတ်တို့အား လွှမ်းမိုးရန် လူသားကျမ်းရေးသူတို့က ပုံစံထုတ်ထားသည့် အထောက်အထားတစ်ခုအဖြစ် သမ္မာကျမ်းစာကို ရှုမြင်နားလည်ဖို့ စာပေအရေးအသား ဆန်းစစ်မှုက ရှာကြံသည်။ စာပေအရေးအသား ဆန်းစစ်ရာတွင် ဤကဲ့သို့သော မေးခွန်းများအပေါ် များစွာ အလေးထားသည်- "လူသားကျမ်းရေးသူတို့၏

အလေးဂရုပြုချက်များမှာ အဘယ်နည်း" "ကျမ်းပိုဒ်တစ်ပိုဒ်၏ စာပေရေးဟန်သွင်ပြင်တို့က ရေးသူ၏ သတင်းစကားကို မည်သို့သယ်ဆောင်ပေးပါသနည်း" ဆိုသည်နှင့် "ကျမ်းစာသည် သူတို့၏ မူလပရိသတ်များအပေါ် မည်သည့် ရိုက်ခတ်မှုမျိုး ရှိခဲ့သင့်ပါသနည်း" ဆိုသည့် မေးခွန်းများ ဖြစ်ကြသည်။

**သမိုင်းကြောင်းဆိုင်ရာ ဆန်းစစ်မှု** သမိုင်းကြောင်းဆိုင်ရာ ဆန်းစစ်မှုသည် အသိဉာဏ်ပွင့်လင်းသည့်ခေတ်မှာစတင်၍ မကြာသေးခင်က ဆယ်စုနှစ်များအတွင်းမှာသာ အဆုံးသတ်သော မျက်မှောက်ခေတ် စရိုက်လက္ခဏာရှိနေသည့် သမ္မာကျမ်းစာကို ချဉ်းကပ်လေ့လာနည်း ဖြစ်သည်။ ဤကာလတွင် သမ္မာကျမ်းစာက ရည်ညွှန်းသော သမိုင်းကို နားလည်ခြင်းသည် သမ္မာနည်းကျ အနက်ဖွင့်ခြင်းအတွက် အဓိက အလေးပေးချက် ဖြစ်သည်။

သမိုင်းကြောင်းဆိုင်ရာ ဆန်းစစ်ချက်သည် သမ္မာကျမ်းစာအား စာပေပန်းချီကား သို့မဟုတ် ရုပ်ပုံတစ်ခုအဖြစ် များစွာမရှုမြင်ဘဲ သမိုင်းကို ရှုမြင်ရာပြတင်းပေါက် တစ်ခုအဖြစ်သာ လေ့လာသည်။ သို့သော်လည်း စင်ကြယ်သော သမိုင်းကြောင်းဆိုင်ရာဆန်းစစ်ချက်သည် အခြားသော လေ့လာနည်းများကို မည်သည့်အခါမျှ မပစ်ပယ်ပါ။ သို့ရာတွင် ၎င်း၏ ပင်ကိုယ်မူလ ရည်ရွယ်ချက်သည် ကျမ်းစာသား၏ နောက်ကွယ်ရှိ သမိုင်းကို သင်ယူရန် ကျမ်းစာအားဖြင့် ကြည့်ရှုခြင်းဖြစ်သည်။

သမိုင်းကြောင်းဆိုင်ရာဆန်းစစ်ချက်ပုံစံအချို့တွင် ယခုလို အနက်ဖွင့်ဆိုင်ရာမေးခွန်းများကို ခရစ်ယာန်များ မေးလေ့ ရှိကြသည်။ "ကျမ်းစာထဲတွင် ဘုရားသခင့်မည်သည့်လုပ်ဆောင်ချက်များကို အစီရင်ခံထားပါသနည်း" "ယင်းတို့၏ ရှေးကာလ ထူးခြားအရေးပါမှုမှာ အဘယ်နည်း" "အဆိုပါ ဘုရားသခင့် လုပ်ဆောင်ချက်တို့သည် ယင်းမတိုင်မီကာလနှင့် ယင်းနောက်ပိုင်းကာလ ဘုရားသခင့် လုပ်ဆောင်ချက်များနှင့် မည်သို့ ဆက်စပ်ပါသနည်း" ယေဘုယျအားဖြင့် သမိုင်းကြောင်းဆိုင်ရာ ဆန်းစစ်ချက်၏ ပင်ကိုယ်မူလစူးစိုက်ချက်သည် သမ္မာကျမ်း သမိုင်းကြောင်းအတွင်း ဖြစ်ပျက်ခဲ့သည်များကို ပြန်တည်ဆောက်ရန်နှင့် ထိုအချိန်က ရှင်သန်ခဲ့သည့် လူတို့အတွက် အဆိုပါအဖြစ်အပျက်တို့၏ ထူးခြားအရေးပါမှုကို နားလည်ရန် ဖြစ်သည်။

**အာဘော်ဆိုင်ရာဆန်းစစ်မှု** အနက်ဖွင့်ရာတွင် အသင်းတော်က လုပ်ဆောင်သည့် တတိယအရေးကြီး နည်းဗျူဟာကို "အာဘော်ဆိုင်ရာဆန်းစစ်မှု" ဟု ခေါ် နိုင်သည်။ အမြဲလိုပင် အာဘော်ဆိုင်ရာ ဆန်းစစ်မှုသည် သမ္မာကျမ်းစာမှ ခရစ်ယာန်တို့ ဓမ္မပညာထုတ်ယူရာ နည်းလမ်းတစ်ခု ဖြစ်သည်။ သို့သော် အာဘော်ဆိုင်ရာ ဆန်းစစ်မှုအား ခေတ်သစ်ကာလ သမိုင်းကြောင်းဆန်းစစ်မှုဆီ မကူးပြောင်းမီကာလ အသင်းတော်၏ အစောပိုင်း ရာစုနှစ်များအတွင်း အခိုင်အမာ အလေးပေးခဲ့ကြသည်။

အာဘော်ဆိုင်ရာ ဆန်းစစ်မှု၌ သမ္မာကျမ်းစာအား စာပေအရေးအသားဖော်ပြချက် သို့မဟုတ် သမိုင်းကြောင်းကို ကြည့်ရှုရာ ပြတင်းပေါက်တစ်ခုအနေဖြင့် များစွာ ရှုမြင်ခြင်းမရှိဘဲ မှန်တစ်ချပ်အနေဖြင့်၎င်း၊ မေးခွန်းများ ဖြေဆိုသည့်အနေဖြင့်၎င်း၊ ခေါင်းစဉ်များ အဖြစ်၎င်း၊ သို့မဟုတ် သမ္မာကျမ်းစာထဲ အလိုအလျောက် ပေါ်လွင်ထင်ရှားခြင်းရှိမနေသော်လည်း ကျွန်ုပ်တို့အတွက် အရေးပါသော အာဘော်များ အဖြစ်ဖြင့်၎င်း ကျွန်ုပ်တို့ လေ့လာကြသည်။ "ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အကျိုးစီးပွားနှင့်ပတ်သက်၍ ကျမ်းစာက ဘာပြောသနည်း" "ကျွန်ုပ်တို့၏ လိုအပ်ချက်ကို ၎င်းက မည်သို့ဖြည့်ဆည်းပေးသနည်း" "ကျွန်ုပ်တို့ တန်ဖိုးထားသော အာဘော်များအကြောင်း ၎င်းက ဘာပြောသနည်း" ဆိုသည့် မေးခွန်းများကို ကျွန်ုပ်တို့ မေးကြသည်။ အဆိုပါအာဘော်တို့သည် ပုဂ္ဂိုလ်ရေး အလေးပေးချက်တို့မှ ရောက်လာဖွယ်ရှိသည်။ ယင်းတို့သည် ကျွန်ုပ်တို့ဝန်းကျင်ရှိ ယဉ်ကျေးမှုအမျိုးမျိုးကြောင့် ပေါ်ပေါက်ရသော အရေးကိစ္စများထဲမှ ထွက်လာဖွယ်ရှိသည်၊ သို့တည်းမဟုတ် အသင်းတော် လူ့အဖွဲ့အစည်းထဲက ထွက်လာဖွယ်ရှိသည်။ မည်သို့ပင်ရောက်လာသည်ဖြစ်စေ၊ သစ္စာရှိသောခရစ်ယာန်တို့သည် သူတို့အတွက် အရေးပါသော အာဘော်များ သို့မဟုတ် မေးခွန်းများအား သမ္မာကျမ်းစာက မည်သို့ဖြေဆိုထားကြောင်း အမြဲတစေ သိလိုကြပေသည်။

အဆိုပါ မူရင်းဘာသာစကားအတွင်း အနက်ဖွင့်ခြင်းဆိုင်ရာ နည်းဗျူဟာ သုံးခုအရ အနက်ဖွင့်ခြင်းအား စနစ်ကျဓမ္မပညာက မည်သို့ အားပေးမြှင့်တင်သည် သို့မဟုတ် ဟန့်တားသည်ဆိုသည်ကို တွေ့မြင်နိုင်သည့် အခြေအနေသို့ ကျွန်ုပ်တို့ ရောက်ရှိနေပြီ ဖြစ်သည်။

## အားပေးမြှင့်တင်မှု

ပထမအားဖြင့် စနစ်ကျဓမ္မပညာသည် အာဘော်ဆိုင်ရာဆန်းစစ်မှုကို အားပေးမြှင့်တင်ပေးရန် အဆင်သင့် ရှိနေသည်။ မေးရမည့် အစဉ်အလာမေးခွန်း အပြည့်အစုံ တစ်စုံ (ဝါ) ကောင်းစွာစီစဉ်ခင်းကျင်းထားသည့် အာဘော်အပြည့်အစုံ တစ်စုံအား စနစ်ကျဓမ္မပညာရှင်တို့က ကျွန်ုပ်တို့ထံ အပ်ပေးထားသည်။

စနစ်ကျဓမ္မပညာသည် အာဘော်ဆိုင်ရာဆန်းစစ်မှု၏ အလွန်အထောက်အကူ ဖြစ်စေသည့် ပုံစံကို ကိုယ်စားပြုသည်။ အစဉ်အလာ ဓမ္မပညာအာဘော်များအကြောင်း သမ္မာကျမ်းစာတစ်အုပ်လုံးက ဘာပြောသည်ဆိုသည်ကို စနစ်ကျဓမ္မပညာရှင်တို့က လေ့လာဖော်ထုတ်သည်။ ကျမ်းစာတစ်ခုလုံးမှာရှိသည့် ကျမ်းချက်များကို ကောက်နုတ်စုစည်းပြီး ကျမ်းချက်များကြား အချင်းချင်း ဆက်နွယ်မှုများအား အစဉ်အလာခေါင်းစဉ်များအရ သူတို့ ဆွဲထုတ်ယူကြသည်။ မတူကွဲပြားသော ကျမ်းချက်တို့အား ကောက်နုတ်စုစည်းကာ တညီတညွတ်ဖြစ်အောင် တွဲစပ်ပေးသည့် ဤလုပ်ငန်းစဉ်က အရာတစ်ခုအတွက် သမ္မာကျမ်းက ပြောရန်ရှိသမျှတို့သည် ထိုခေါင်းစဉ်နှင့် ပတ်သက်လျှင် ဤမျှအကုန်သာဟု ယူဆခြင်းမှ ရှောင်ရှားရန် ထောက်ကူသည်။ ဘုရားသခင်အကြောင်း ကျမ်းတစ်ချက်က ပြောပြသလောက်သာမဟုတ်၊ ကျမ်းစာရှိသမျှက ဘုရားသခင်အကြောင်း ပြောပြသမျှကို ကျွန်ုပ်တို့ သိလိုသည်။ လူသားမျိုးနွယ်အကြောင်း သူတို့ *အားလုံး* က ဘာပြောသနည်း။ ကယ်တင်ခြင်းအကြောင်း သူတို့ *အားလုံး* က ဘာပြောသနည်း။ စနစ်ကျဓမ္မပညာသည် အကျိုးကျေးဇူး ကြီးမားသည်။ အကြောင်းမှာ အဆိုပါ အာဘော်များသာမက အခြား အရေးကြီး အာဘော်များစွာအပေါ် သမ္မာကျမ်းစာအမြင်များကိုပါ ကျွန်ုပ်တို့အား တွေ့လွယ်စေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## အဟန့်အတားများ

အခြားတစ်ဖက်တွင်လည်း စနစ်ကျဓမ္မပညာသည် အနက်ဖွင့်ခြင်းကို မကြာခဏ ဟန့်တားလေ့ရှိသည်။ အကြောင်းမှာ ၎င်းသည် သမ္မာကျမ်း စာပေရေးဟန်နှင့် သမိုင်းကြောင်း ဆန်းစစ်မှုတို့အပေါ် စူးစိုက်ခြင်းကင်း၍ ဖြစ်သည်။ ဟုတ်ပါသည်။ သမ္မာကျမ်းကို ကောင်းစွာအနက်ဖွင့်သည့် စနစ်ကျဓမ္မပညာရှင်တို့သည် အတိုင်းအတာတစ်ခုအထိ သမ္မာကျမ်းစာပေအရေးအသားနှင့် သမိုင်းကြောင်းကို လေ့လာကြမည်သာ ဖြစ်သည်။ သို့တစေ ၎င်းသည် သူတို့ ကျမ်းစာလေ့လာရာ အဓိကနည်းလမ်း မဟုတ်သေးပါ။ ဤအကြောင်းကြောင့်ပင် ကျွန်ုပ်တို့ သမ္မာကျမ်း အနက်ပြန်သည့် နည်းလမ်းအပေါ် စနစ်ကျဓမ္မပညာက လွှမ်းမိုးသည့်အခါ သမ္မာကျမ်းထဲက ကျွန်ုပ်တို့ ထုတ်ယူသည့်အရာများအပေါ် ၎င်းက အကန့်အသတ်များ ရှိလာစေသည်။ နောင်လာမည့် သင်ခန်းစာများအတွင်း ကျွန်ုပ်တို့ တွေ့ကြမည်ဖြစ်သလို စာပေအရေးအသားနှင့် သမိုင်းကြောင်းဆိုင်ရာ ဆန်းစစ်မှုတို့မှ ရှာဖွေတွေ့ရှိချက်များက မကြာခဏဆိုသလို စနစ်ကျဓမ္မပညာ၏ ကောက်ချက်များနှင့် ကိုက်ညီရန် ကျွန်ုပ်တို့အား တိုက်တွန်းသည်။

ထို့ကြောင့် ယေဘုယျ အသုံးအနှုန်းများအရ စနစ်ကျဓမ္မပညာတွင် ခရစ်ယာန် ဓမ္မပညာတည်ဆောက်ရေးအတွက် အကျိုးကျေးဇူးနှင့် အန္တရာယ်နှစ်မျိုးလုံး ပါရှိနေသည်။ ခရစ်ယာန် အသက်ရှင်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်းနှင့် မူရင်းဘာသာစကားအရ အနက်ဖွင့်ခြင်းတို့၌ ထူးထူးခြားခြား အပြုသဘောဆောင်ချက်အချို့ကို ၎င်းက ဖြည့်ဆည်းပေးသည်။ သို့သော် ဓမ္မပညာအရင်းအမြစ်တစ်ခုစီ၏ အရေးပါသော မျက်နှာစာများမှ ကျွန်ုပ်တို့အာရုံလွဲသွားအောင်လည်း ၎င်းက ဆွဲဆောင်သည်။ စနစ်ကျဓမ္မပညာ၏ အကျိုးကျေးဇူးနှင့် အန္တရာယ် နှစ်မျိုးလုံးကို ကျွန်ုပ်တို့ ထည့်စဉ်းစားရန် အရေးကြီးသည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် "စနစ်ကျဓမ္မပညာဆိုသည်မှာ အဘယ်နည်း" ဆိုသည့်မေးခွန်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ထားပြီး ဖြစ်သည်။ စနစ်ကျဓမ္မပညာအား ဓမ္မသစ်နှင့် မည်သို့ နှိုင်းယှဉ်ဖော်ပြသည်ကိုလည်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ အသင်းတော်သမိုင်း တလျှောက် ၎င်းမည်သို့ တိုးချဲ့ပေါ်ထွန်းလာခဲ့သည်ကိုလည်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင် စနစ်ကျဓမ္မပညာ၏ အကျိုးကျေးဇူးနှင့် အန္တရာယ် အချို့ကိုလည်းကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်သည်။

စနစ်ကျဓမ္မပညာကို တည်ဆောက်ခြင်းဖြင့် ကျွန်ုပ်တို့၏ ယုံကြည်ချက်များကို မည်သို့ အစီအစဉ်တကျ ထားရှိရမည့်အကြောင်း လေ့လာသင်ယူခြင်းသည် ခရစ်တော်၏ နောက်လိုက်တို့ လုပ်နိုင်သော အရေးအကြီးဆုံး အရာတစ်ခု ဖြစ်သည်။ သမ္မာကျမ်းသွန်သင်ချက်များကို ရယူ၍ ကာလရှည်ကြာတည်နေသည့် အသင်းတော် အစဉ်အလာများနှင့် အညီ ယှတ္တိတန်ပြီး စနစ်ကျသော

အခင်းအကျင်းအတွင်း ယင်းတို့ကို နေရာချထားခြင်းသည် ဘုရားသခင်ကို ရှိသေပြီး ခရစ်တော်၏ အသင်းတော်ကို ပိုမိုထိရောက်စွာ အစေခံရန် ကျွန်ုပ်တို့အား ပြင်ဆင်ပေးမည့် ပိုမိုစုံလင်ပြည့်ဝသည့် ခရစ်ယာန်ဓမ္မပညာ တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့အား ထောက်ကူလိမ့်မည် ဖြစ်ပေတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။